# ဓမ္မသစ်ထဲက နိုင်ငံတော်နှင့် ပဋိညာဉ်

သင်ခန်းစာ နှစ်

ဘုရားသခင်၏ နိုင်ငံတော်

Manuscript

thirdmill
Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........................................ 1

သတင်းကောင်း ........................................ 2

အဓိပ္ပာယ် ........................................ 2

ဘုရားသခင်၏ နိုင်ငံတော် ........................................ 5

မဆုတ်မနစ်သော အုပ်စိုးပိုင်သမှု ........................................ 6

နိုင်ငံတော်ကို ဖွင့်ပြခြင်း ........................................ 8

တိုးတက်ဖြစ်ထွန်းလာနေသော လေးနက်အရေးပါမှုများ ........................................ 9

ဣသရေလတို့၏ ကျရှုံးမှုများ ........................................ 9

ဣသရေလတို့၏ မျှော်လင့်ရာများ ........................................ 11

ရောက်ရှိလာခြင်း ........................................ 15

မျှော်လင့်ရာများ ........................................ 15

သုံးထပ်ကွမ်းအောင်မြင်ခြင်း ........................................ 21

ရှုံးနိမ့်ခြင်း ........................................ 22

ကယ်လွှတ်ခေါ်သွင်းခြင်း ........................................ 28

နိဂုံး ........................................ 32





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ခက်ခဲရှုပ်ထွေးသောဝတ္ထုတစ်ပုဒ်ကို သင်ဖတ်မိသည့် အခါ အသေးစိတ်အချက်အလက်များကြားထဲ၌ အချိန်မရွေး သင်လမ်းပျောက်သွားနိုင်ပါသည်။ သို့သော်ဤသို့သော ပြဿနာကို ရှောင်နည်းတစ်ခုမှာ ဝတ္ထု၏ ပိုအရေးကြီးသည့်ကဏ္ဍများကို ဖော်ထုတ်ပြီး ၎င်းတို့ကို ထပ်ခါ ထပ်ခါရည်ညွှန်းပေးခြင်းဖြစ်သည်။ အဓိကကျသော အခြေခံအချက်များကို စွဲမြဲရှုမြင်နေခြင်းအားဖြင့် အသေးစိတ်အချက်အလက်များ မည်သို့အံဝင်ခွင်ကျဖြစ်နေသည်ကို ကျွန်ုပ်တို့ မြင်နိုင်ပါသည်။ ဓမ္မသစ် ဓမ္မပညာနားလည်မှုနှင့် စပ်လျဉ်းပါကလည်း အလားတူ အဖြစ်မျိုးသည် အခြေအနေအမျိုးမျိုး၌ မှန်ကန်မှုရှိနေပါသည်။ အဆိုပါ ကျမ်းစာတို့ကို ကျွန်ုပ်တို့ နက်နက်နဲနဲ စတင်လေ့လာသည်နှင့် အသေးစိတ် အချက်အလက်မြောက်များစွာ ရှာတွေ့မှုကြောင့် ကျွန်ုပ်တို့၏ တည်နေရာ အလွယ်တကူ ပျောက်သွားနိုင်ပါသည်။ ထို့ကြောင့် ဓမ္မသစ်အတွင်းရှိ အဓိကကျသော အတွေးအခေါ်များကို ဖော်ထုတ်ရန်နှင့် ၎င်းတို့ကို ထပ်ခါထပ်ခါ ရည်ညွှန်းနေရန် အရေးကြီးပါသည်။

ဤအရာသည် ကျွန်ုပ်တို့၏ *ဓမ္မသစ်ထဲက နိုင်ငံတော်နှင့် ပဋိညာဉ်* သင်ခန်းစာ စာစဉ်ထဲမှ ဒုတိယမြောက် သင်ခန်းစာ ဖြစ်သည်။ ဤသင်ခန်းစာထဲတွင် ဘုရားသခင်၏ နိုင်ငံတော် ဟူသော အထင်ရှားအပေါ်လွင်ဆုံး ဓမ္မသစ် သွန်သင်ချက်တစ်ခုကို ကျွန်ုပ်တို့ ထောက်ပြလိုပါသည်။

ကျွန်ုပ်တို့ တွေ့ကြရမှာဖြစ်သည့်အတိုင်း ဘုရားသခင့် နိုင်ငံတော် အာဘော်သည် ဓမ္မသစ်တွင် အလွန်အရေးကြီးရကား လျောက်ပတ်စွာ နားလည်ပြီဆိုပါက ဓမ္မသစ် ဓမ္မပညာသည် နိုင်ငံတော်ဆိုင်ရာ ဓမ္မပညာပင် *ဖြစ်* တော့သည်။ တနည်းဆိုရလျှင် ဓမ္မသစ် စာရေးသူများ ရေးခဲ့သမျှသည် ဘုရားသခင့်နိုင်ငံတော်အကြောင်း ရှင်းပြရေးနှင့် ထောက်ကူရေးတို့အတွက် အတိုင်းအတာတစ်ခုထိ ရည်စူးမြုပ်နှံထားခဲ့သည်။

ဓမ္မသစ် ဓမ္မပညာထဲက ဘုရားသခင့် နိုင်ငံတော်၏ ထင်ရှားပေါ်လွင်မှုကို ရှုထောင့်နှစ်ခုမှနေ၍ ကျွန်ုပ်တို့ လေ့လာဖော်ထုတ်သွားကြပါမည်။ ပထမဦးစွာ ဘုရားသခင့် နိုင်ငံတော်၏ သတင်းကောင်း သို့မဟုတ် ဧဝံဂေလိတရားဟု ဓမ္မသစ်စာရေးသူတို့က ခေါ်လေ့ရှိသည့် အရာကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ဒုတိယအားဖြင့် နိုင်ငံတော်ရောက်ရှိလာခြင်းသည် သူတို့ရေးသမျှအပေါ် မည်သို့ ဩဇာလွှမ်းမိုးနေခဲ့သည်ကို ကျွန်ုပ်တို့ ထောက်ပြပါမည်။ ဓမ္မသစ်၏ ရှုထောင့်နယ်ပယ်ရှိသမျှကို ဘုရားသခင့်နိုင်ငံတော်အကြောင်း ဩဝါဒ သွန်သင်ချက်က ထောက်ကူထားကြောင်း ကျွန်ုပ်တို့သိမြင်ရန် အဆိုပါ ခေါင်းစဉ်နှစ်ခုတို့က ထောက်ကူပါလိမ့်မည်။ ဘုရားသခင့်နိုင်ငံတော်အကြောင်း သတင်းကောင်းနှင့် အစပြုကြပါစို့။

# သတင်းကောင်း

ဓမ္မသစ်နှင့် ရင်းနှီးသူတိုင်းက ဓမ္မသစ် ဓမ္မပညာသည် အလွန်ပင် ရှုပ်ထွေးနက်နဲကြောင်း သိထားကြသည်။ သို့သော် လူတိုင်း နားလည်ရန်နှင့် အသက်တာအတွက် လက်တွေ့အသုံးပြုရန် ကြိုးစားသင့်သော ဓမ္မသစ်သွန်သင်မှု တစ်ခု ရှိသည်ဆိုပါက ၎င်းသည် သတင်းကောင်းသာလျှင် ဖြစ်ရပါလိမ့်မည်။ အမှန်စင်စစ်အားဖြင့် ခရစ်တော်၏ သတင်းကောင်းကို ကျွန်ုပ်တို့ နားမလည်ပါက ဓမ္မသစ် ဓမ္မပညာ၏ မည်သည့် ရှုထောင့်ကိုမဆို ကျွန်ုပ်တို့၏ နားလည်နိုင်စွမ်းသည်လည်း ဆိုးဆိုးရွားရွား အကန့်အသတ်ဖြစ်ရကြောင်း ကျွန်ုပ်တို့ အများစု သဘောတူကြပါလိမ့်မည်။ သို့သော် ဤအချက်ကြောင့် အလေးအနက်ထားရမည့် မေးခွန်းတစ်ခု ပေါ်လာပါသည်။ ဧဝံဂေလိတရား သို့မဟုတ် "သတင်းကောင်း" သည် ဓမ္မသစ်ဓမ္မပညာ၌ အဘယ်ကြောင့် ဤမျှလောက် အရေးပါနေရပါသနည်း။ ၎င်းသည် အဘယ်ကြောင့် ဓမ္မသစ်တွင် တွေ့ရသည့် ဩဝါဒသွန်သင်ချက် အများထဲက တစ်ခုဆိုကာမျှထက် သိသာထင်ရှားစွာ ထူးကဲနေရပါသနည်း။ ကျွန်ုပ်တို့ မကြာမတင် တွေ့ရတော့မည် ဖြစ်သည့်အတိုင်း ဓမ္မသစ်ဓမ္မပညာတွင် သတင်းကောင်းသည် အလွန်ပင် အရေးပါသည်။ အကြောင်းမှာ ဘုရားသခင့် နိုင်ငံတော်အကြောင်း ကျယ်ကျယ်ပြန့်ပြန့် သွန်သင်ထားချက်နှင့် သတင်းကောင်းတို့ ဆက်နွယ်မှု ရှိနေသောကြောင့်ပင်ဖြစ်သည်။ ဘုရားသခင့်နိုင်ငံတော်အကြောင်း သတင်းကောင်းဆိုင်ရာ ဩဝါဒသွန်သင်ချက်ကလည်း ဓမ္မသစ်ဓမ္မပညာ၏ ရှုထောင့်နယ်ပယ်တိုင်းကို ပုံဖော်ထားသည်။

နိုင်ငံတော်အကြောင်း သတင်းကောင်းကို အဆင့်သုံးဆင့်အားဖြင့် ကျွန်ုပ်တို့ လေ့လာကြည့်ကြပါမည်။ ပထမဦးစွာ သတင်းကောင်း၏ အဓိပ္ပာယ်ကို စဉ်းစားပါမည်။ ဒုတိယအားဖြင့် ဘုရားသခင့်နိုင်ငံတော်၏ အခြေခံ သဘောအယူအဆကို လေ့လာဖော်ထုတ်ကြပါမည်။ ထို့နောက် တတိယအားဖြင့် သမ္မာကျမ်းသမိုင်းကြောင်းအတွင်း ဤ အာဘော်၏ ထူးခြားအရေးပါမှု တိုးတက်ဖြစ်ထွန်းလာပုံကို ဇစ်မြစ်လိုက်ကြပါမည်။ ဘုရားသခင့်နိုင်ငံတော်အကြောင်း သတင်းကောင်း၏ အဓိပ္ပာယ်နှင့် အစပြုကြပါစို့။

## အဓိပ္ပာယ်

> နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရား ဆိုသည်မှာ ကျွန်ုပ်တို့အတွက် ရှင်ဘုရင်ဖြစ်သော သခင်ဘုရား၏ အကြောင်းကို ကြေညာသည့် သတင်းကောင်းကို တင်ဆက်ပုံ နည်းလမ်းတစ်ခုပင် ဖြစ်သည်။ ယေရှုအကြောင်း ဓမ္မသစ်၏ ကြေငြာချက်များကို ကျွန်ုပ်တို့စဉ်းစားလာသည်နှင့်အမျှ သီးသန့်ဆိုရလျှင် ဤအရာသည် "ရှင်ဘုရင်ကြွရောက်လာပြီ" ဟူသည့် သတင်းထုတ်ပြန်ချက်ပင် ဖြစ်သည်။ သို့သော် "ရှင်ဘုရင်ကြွရောက်လာပြီ" ဆိုသည်ကိုသာမက ယေရှုသည် ရှင်ဘုရင်နှင့် သခင်အဖြစ် အုပ်စိုးပြီ ဆိုသည်ကိုပါ ကြေညာခြင်း ဖြစ်သည်။ ထိုသို့ကြေညာခြင်းသည်လည်း ယေရှု၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်တော်မူခြင်းတို့က သူ၏ ရှင်ဘုရင်အဖြစ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အုပ်စိုးတော်မူခြင်းကို အတည်ပြုပေးထားပြီး ဖြစ်သည်ဆိုသည့်အပေါ် အခြေခံထားသည်။ သို့ဖြစ်၍ သတင်းကောင်းဆိုသည်မှာ *လတ်တလော ဖြစ်နှင့်ပြီးသည့်* တစ်စုံတစ်ရာအကြောင်း ကြေညာချက်တစ်ခု ဖြစ်သည်ဆိုသည့် သဘောတစ်ခု ရှိနေသည်။ ကျွန်ုပ်တို့ မည်သို့ အသက်ရှင်သင့်သနည်းဆိုသည်နှင့် စပ်လျဉ်းသော သွယ်ဝိုက်ရိုက်ခတ်မှုများလည်း ရှိနေသည်။ သို့သော် သတင်းကောင်း ၏ ဆိုလိုချက်မှာ ယေရှုကြွရောက်လာပြီ၊ အသေခံခြင်းအားဖြင့် သေခြင်းတရားကို နက်နဲသောနည်းနှင့် အနိုင်ယူတော်မူပြီ ...။ ထို့ကြောင့် ဤ သတင်းကောင်းသည် ဖြစ်ပေါ် ပြီးစီးခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်တို့အား ဘုရားသခင်က ကြေညာသည့် သဘောတစ်ခု ရှိနေသည်။ သို့ဆိုသော်လည်း ထိုသတင်းကောင်း၏ ရိုက်ခတ်မှုသည် ထာဝရကာလအတွက် ဖြစ်မည့်အကြောင်း ဆက်လက်ပြည့်စုံရမည့် ကတိတော်များ ရှိနေဆဲ ဖြစ်ပါသည်။

**ဒေါက်တာ Richard Lints**

ရှင်လုကာ ၄း၄၃ တွင် သူ၏ အမှုတော် ရည်ရွယ်ချက်ကို ယေရှုက ဤသို့ အကျဉ်းချုပ်ပေးထားခဲ့သည်။

> ဘုရားသခင်၏ နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရား (သတင်းကောင်း) ကို အခြားသော မြို့ရွာတို့၌ ငါဟောပြောရမည် (လုကာ ၄း၄၃)။

"သတင်းကောင်း" ဟူသော စကားလုံးသည် ရှင်လုကာ ၄း၄၃ တွင် တစ်ကြိမ်သာပေါ် ရှိသော်လည်း ဧဝံဂေလိတရား၏ သဘောအယူအဆအား ဤကျမ်းပိုဒ်ထဲတွင် အမှန်စင်စစ် နှစ်ကြိမ်တိုင် ပြည့်ွှန်ထားသည်။ "သတင်းကောင်း" ဟူသော ပုဒ်စုသည် ဟေလသနာမ် *အျူအင်ငဲလီယွန်* မှ ဆင်းသက်လာသည်။ ၎င်းကို ဓမ္မသစ်တွင် ၇၆ ကြိမ်ခန့် တွေ့ရသည်။ *အျူအင်ငဲလီယွန်* ၏ ရင်းမြစ်အရ ၎င်းသည် "ကောင်းသော ကြေငြာချက်" သို့မဟုတ် "ကောင်းသော သတင်းစကား" ကဲ့သို့သော အလားတူ တစုံတရာကို ဆိုလိုကြောင်း ပြည့်ွှန်ထားသည်။

သို့ရာတွင် ဤကျမ်းပိုဒ်ထဲ၌ ယေရှုက "ဧဝံဂေလိတရား (သတင်းကောင်း) ကို ငါဟောပြောရမည်" ဟုလည်း ဆိုထားခဲ့ကြောင်းကို သတိပြုပါ။ "ဟောပြောသည်" ဆိုသည့် စကားလုံးကို *အျူအင်ငဲလီဇိုး* ဟူသော ဟေလသ ကြိယာမှ ပြန်ဆိုရရှိသည်။ ဤဝေါဟာရ သည် *အျူအင်ငဲလီယွန်* ကဲ့သို့သော ဟေလသ ဝေါဟာရ၏ တူညီသော မိသားစုမှ ဆင်းသက်လာပြီး "သတင်းကောင်း ဆင့်ဆိုသည် သို့မဟုတ် သတင်းကောင်း ကြေငြာသည်" ဟူ၍ အဓိပ္ပာယ်ရသည်။ ၎င်းကို ဓမ္မသစ်တွင် ၅၄ ကြိမ်ခန့် တွေ့ရသည်။ အဆိုပါ ဝေါဟာရများကို တွေ့ရသည့် အကြိမ်အရေအတွက်တို့က ဓမ္မသစ်စာရေးသူများအတွက် ဤအယူအဆသည် မည်မျှအရေးပါလှကြောင်း ပြည့်ွှန်နေသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယနေ့ ဧဝံဂေလိ ယုံကြည်သူများစွာက သတင်းကောင်း သို့မဟုတ် ဧဝံဂေလိတရားအား ခရစ်တော်၌ ကယ်တင်ခြင်းကို ရှာတွေ့နိုင်ဖို့ တစ်ဦးတစ်ယောက်က လုပ်ဆောင်ရမည့် အဆင့်များအပေါ် ရှင်းပြချက်တစ်ခုအဖြစ်ဖြင့် စဉ်းစားတတ်ကြသည်။ သို့သော် ဤအရာသည် ယေရှု စဉ်းစားခဲ့သည့် အတွေးတစ်ခုတော့ မဟုတ်ခဲ့ပါ။ မည်သို့ မည်ပုံ ခရစ်တော်၏ နောက်လိုက်ဖြစ်လာနိုင်သည်ကို ဝေငှရန် ကျွန်ုပ်တို့ အဆင်သင့် ရှိနေသင့်သလောက် ကျမ်းစာထဲက သတင်းကောင်းသည်လည်း များစွာပိုမို လေးနက်အရေးပါသည့် အကြောင်းတစ်ခုအဖြစ် ရှိနေပေသည်။ ကျွန်ုပ်တို့ တွေ့ကြရမှာ ဖြစ်သလို တစ်ဦးချင်း သို့မဟုတ် လူအုပ်စုတစ်ခု၏ ကယ်တင်ခြင်းကို ရည်ညွှန်းမည့်အစား *ဧဝံဂေလိတရားသည် ဘုရားသခင်*၏ နိုင်ငံတော်အတွက် အောင်မြင်မှုအကြောင်း သတင်းကောင်းပင် ဖြစ်သည်။

ဤအချက်၏ အဓိပ္ပာယ်ပေါ်လွင်စေရန်အတွက် ဓမ္မသစ်စာရေးသူများသည် ဓမ္မဟောင်းကို ဟေလသဘာသာပြန်ဆိုထားသည့် ဆက်ပ်ကျူအေးဂျင့် ကျမ်းလာ "သတင်းကောင်းကို ဟောပြောလော့" ဆိုသည့် ဖော်ပြချက်ကို ထုတ်ယူအသုံးပြုထားခဲ့ကြောင်း ကျွန်ုပ်တို့ သဘောပေါက်ထားဖို့ လိုအပ်သည်။ ဆက်ပ်ကျူအေးဂျင့် ကျမ်းသည် အစောပိုင်းက ဖော်ပြခဲ့သည့် အလားတူ ကြိယာ *အျူအင်လီဇိုး* ကို အကြိမ် ၂၀ခန့် အသုံးပြုထားသည်။ ဤစကားလုံးသည် "သတင်းကောင်း ယူဆောင်လာသည် သို့မဟုတ် ဆင့်ဆို ကြေညာသည်" ဟု အဓိပ္ပာယ်ရသည့် ဟေဗြဲ ကြိယာ *ဘဆားရ် ကို* ပြန်ဆိုထားချက်ဖြစ်သည်။ သို့သော် ရှင်ဘုရင်များ၊ နိုင်ငံတော်များကို ရည်ညွှန်း၍ အဆိုပါ စကားလုံးများကို အသုံးပြုသည့်အခါ ၎င်းတို့သည် စစ်ပွဲတွင် အနိုင်ရရှိကြောင်း သတင်းကောင်းကို ဖော်ဆောင်ကြောင်း ၁ဓမ္မရာဇဝင် ၃၁း၉ နှင့် ၂ဓမ္မရာဇဝင် ၁၈း၁၉ တို့ကဲ့သို့သော ကျမ်းပိုဒ်များက ညွှန်ပြနေကြသည်။ ဤလေ့လာသိမှတ်မှုသည် အရေးကြီးသည်။ အကြောင်းမှာ ဓမ္မသစ်ထဲက "သတင်းကောင်း" သည် ဘုရားသခင့် နိုင်ငံတော်အတွက် အောင်မြင်မှုနှင့် အမြဲလို ဆက်စပ်တွဲဖက်နေ၍ဖြစ်သည်။ အမှန်စင်စစ် လုကာ ၄း၄၃ တွင် ယေရှုက ပြောထားခဲ့သည်မှာ

> ဘုရားသခင်၏ နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရား (သတင်းကောင်း) ကို
> အခြားသော မြို့ရွာတို့၌ ငါဟောပြောရမည် (လုကာ ၄း၄၃)။

ဤဖော်ပြချက်ကို အောက်ပါလမ်းစဉ်အတိုင်း အမှန်တကယ် ကျွန်ုပ်တို့ ပြန်ဆို၍ ရနိုင်ပါသည်။

> ဘုရားသခင်၏ နိုင်ငံတော်နှင့် ယှဉ်သော သတင်းကောင်း၏ [အောင်မြင်မှု]ကို
> ငါဟောပြောရမည် (လုကာ ၄း၄၃)။

ဓမ္မသစ်က ဘုရားသခင့်နိုင်ငံတော်အတွက် အောင်မြင်ခြင်းနှင့် ယှဉ်သော ဧဝံဂေလိတရား (သတင်းကောင်း) ကို ပြောသည့်အခါ ဤသင်ခန်းစာထဲ ကျွန်ုပ်တို့တွေ့ကြရမှာ ဖြစ်သလို ၎င်းသည် အလွန်ပင် သီးသန့်ဆန်သော အောင်မြင်ခြင်းအမျိုးအစားကို ရည်ညွှန်းသည်။ အစပထမတွင် ကြောင်တိကြောင်တောင်နိုင်လှသော်လည်း ဓမ္မသစ်ထဲက သတင်းကောင်း သို့မဟုတ် ဧဝံဂေလိတရား၏ အခြေခံသဘောအယူအဆသည် ဘုရားသခင့်နိုင်ငံတော် [အတွက် အောင်မြင်ခြင်း] နှင့် ယှဉ်သော ဝမ်းမြောက်ဖွယ် သတင်းကောင်းပင် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရား (သတင်းကောင်း) သည် ဘုရားသခင့်နိုင်ငံတော်အတွက် အောင်မြင်ခြင်းနှင့် ယှဉ်သော သတင်းကောင်းဖြစ်ကြောင်း တွေ့မြင်ပြီးသည့်နောက် ဘုရားသခင့်နိုင်ငံတော် ကိုယ်တိုင်၏ အခြေခံသဘောအယူအဆကို လေ့လာဖော်ထုတ်ရန် ကျွန်ုပ်တို့ အဆင်သင့်ရှိနေပြီ ဖြစ်ပါသည်။

# ဘုရားသခင်၏ နိုင်ငံတော်

ဓမ္မသစ်ထဲ၌ ဘုရားသခင့်၏ နိုင်ငံတော်သည် ဝမ်းမြောက်ဖွယ် သတင်းကောင်း ဧဝံဂေလိတရားနှင့် သီးသီးသန့်သန့် ဆက်စပ်ပတ်သက်မှုရှိနေကြောင်းကို အနည်းဆုံး ခုနှစ်ကြိမ်တွေ့ရသည်။ "နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရား (သတင်းကောင်း)" ဟူသောဖော်ပြချက်ကို မဖြစ်စလောက် အပြောင်းအလဲကလေးများဖြင့် မဿဲ ၄း၂၃၊ ၉း၃၅နှင့် ၂၄း၁၄တို့တွင်၎င်း၊ လုကာ ၄း၄၃၊ ၈း၁၊ ၁၆း၁၆နှင့် တမန်တော် ၈း၁၂ တို့တွင် ကျွန်ုပ်တို့တွေ့ရသည်။ ဤပါဝင်မှု ကြိမ်နှုန်းက ဝမ်းမြောက်ဖွယ် သတင်းစကား သို့မဟုတ် အောင်မြင်ခြင်း သတင်းစကားနှင့် ဘုရားသခင့်နိုင်ငံတော်တို့ ဆက်နွယ်နေခြင်း၏ အရေးကြီးပုံကို ပြညွှန်နေသည်။ သို့သော် ဤအရာကို သဘောပေါက်ရန်အတွက် ဘုရားသခင့်နိုင်ငံတော်အကြောင်း ယေရှုနှင့် သူ့နောက်လိုက်တို့ ပြောဆိုခဲ့စဉ်က သူတို့ဘာကို ဆိုလိုခဲ့ကြောင်း ကျွန်ုပ်တို့ဦးစွာ သဘောပေါက်ထားရပါမည်။

> ဘုရားသခင့်နိုင်ငံတော်ဆိုသည်မှာ ဘုရားသခင်ပြင်ဆင်ပေးထားသောနေရာ၌ ဘုရားသခင့်လူတို့အပေါ် ဘုရားသခင်၏ အုပ်စိုးခြင်းပင် ဖြစ်သည်။ ဘုရားသခင့်လူများဖြစ်သော အာဒံနှင့်ဧဝတို့ ဘုရားသခင်နှင့် ဆက်နွယ်မှုရှိကြောင်း၊ ဘုရားသခင်သည် အုပ်စိုးသူအဖြစ် ရှိတော်မူကြောင်း၊ သူတို့သည်လည်း ဧဒင်ဥယျာဉ်ရှိ ဘုရားသခင်ပြင်ဆင်သော နေရာ၌ ရှိနေကြကြောင်း သမ္မာကျမ်းစာ အစ ကမ္ဘာဦး အခန်းကြီး ၁ နှင့် ၂ မှာကတည်းကပင် ကျွန်ုပ်တို့တွေ့နိုင်သည်။ ထို့နောက် အရာရာသည် အပြစ်တရားအားဖြင့် ရှုပ်ထွေးသွားသည်။ သို့သော် ဘုရားသခင်သည် ကိုယ်တော်၏ နိုင်ငံတော်ကို အစပထမ အာဗြဟံအားဖြင့်၎င်း၊ ထို့နောက် အာဗြဟံ၏ သားမြေးများအားဖြင့်၎င်း၊ ထို့နောက် မောရှေအားဖြင့် ထွက်မြောက်ပြီးသည့်နောက် ဣသရေလနိုင်ငံအားဖြင့်၎င်း ပြန်လည် တည်ထောင်သည်။ ဤအရာသည် ခါနန်ပြည်တည်းဟူသော ဘုရားသခင့် နေရာတွင် ဘုရားသခင့်လူများဖြစ်သော ဣသရေလတို့အပေါ်၌ ဘုရားသခင်၏ အဆုံးသတ် အုပ်စိုးခြင်းပင်ဖြစ်သည်။ သို့သော် သခင်ယေရှုကြွလာခြင်းအားဖြင့် အဆိုပါအနာဂတ် အခြေအနေသည် ပိုမို၍ပင် ပြည့်စုံခြင်းသို့ရောက်ရှိကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ ထို့ပြင် ခရစ်တော်တည်းဟူသော သူ၏ ရှင်ဘုရင်၊ သူခန့်အပ်သော ရှင်ဘုရင်အားဖြင့် ဘုရားသခင်အုပ်စိုးတော်မူကြောင်းကို ကျွန်ုပ်တို့တွေ့ရသည်။ ထိုမျှမက ဘုရားသခင့်လူများအထဲတွင် နိုင်ငံအသီးသီး၊

> လူမျိုးအသီးသီးမှ ဘာသာစကားအသီးသီးပြောဆိုသော ယုဒနှင့် တပါးအမျိုးတို့ပါဝင်လျက်ရှိကြသော်လည်း ဘုရားသခင့်နေရာမူကား ပထဝီဝင်တည်နေရာ သဘောတစ်ခုထက်မကသော ကျွန်ုပ်တို့၏ ကောင်းကင်အိမ်တော် (ဝါ) ယေရုရှလင်မြို့သစ်ပင် ဖြစ်သည်။ ထို့ကြောင့် ဓမ္မသစ်ထဲတွင် ဘုရားသခင့်နိုင်ငံတော်သည် ကမ္ဘာတလွှား ပြန့်ကျဲနေသော ဘာသာစကား အသီးသီးကိုပြောသည့် နိုင်ငံအသီးသီး လူမျိုးရှိသမျှတို့အထဲမှ သူ၏လူတို့အပေါ်မှာ၊ ပထဝီဝင်နေရာတစ်ခုရှိ သီးသန့်နေရာ တစ်ခု၌တည်နေခြင်းမျိုးမဟုတ်ဘဲ ကောင်းကင်ဘုံတည်းဟူသော ကျွန်ုပ်တို့၏ ဝိညာဉ်အိမ်တော်တွင်ရှိသောသူတို့အပေါ်မှာ ခရစ်တော်၏ အုပ်စိုးမှုအားဖြင့် ယခုပင် တည်ရှိနေသည်။ သို့ဆိုသော်လည်း ယေရှုပြန်ကြွလာသည့်အခါ ဘုရားသခင့်နိုင်ငံတော်သည် မည်သည့်ပုံစံရှိလိမ့်မည်ဆိုသည်နှင့် စပ်လျဉ်း၍ ဓမ္မသစ်က ကျွန်ုပ်တို့အား ယေဘူယျအမြင်တစ်ခုကိုပေးထားသည်။ အဆိုပါနိုင်ငံတော်သည် ပစ္စုပ္ပန်၌ လောကထဲ ကွယ်ဝှက်ထားသယောင်ရှိလင့်ကစား ခရစ်တော် ပြန်ကြွလာချိန်တွင် ၎င်းအား ရှင်းလင်းပြတ်သားစွာ မြင်တွေ့ရမည်ဖြစ်သည်။ လူတိုင်း ဒူးထောက်ကြရပါလိမ့်မည်။ ယေရှုခရစ်သည် သခင်ဖြစ်တော်မူကြောင်း လူတိုင်းက နှုတ်ဖြင့် ဝန်ခံကြရပါလိမ့်မည်။ ဘုရားသခင်သည်လည်း ကောင်းကင် ယေရုရှလင်မြို့သစ်တွင် မိမိကို သိကျွမ်းပြီး အဖဟု ခေါ်ကြမည့် သူ၏ လူများအပေါ် ခရစ်တော်တည်းဟူသော သူ၏ ရှင်ဘုရင်အားဖြင့် စုံလင်ပြည့်ဝစွာ အုပ်စိုးတော်မူပါလိမ့်မည်။

**ဒေါက်တာ Constantine R. Campbell**

ဘုရားသခင့်နိုင်ငံတော်အား ကျမ်းစာက ပဓာနကျသော နည်းလမ်းနှစ်သွယ်ဖြင့် ရည်ညွှန်းထားသည်။ တစ်ဖက်တွင် ဘုရားသခင်၏ မဆုတ်မနစ်သော အုပ်စိုးပိုင်သမှု (ဝါ) ဖန်ဆင်းထားသမျှအပေါ် မပြောင်းမလဲသော အုပ်စိုးမှုအဖြစ်ဖြင့် ဘုရားသခင့်နိုင်ငံတော်အား ကျမ်းစာက မကြာခဏ ပြောဆိုထားသည်။ နိုင်ငံတော်အကြောင်း သူ၏ ဖွင့်ပြချက်နှင့် လူ့သမိုင်းကြောင်း တစ်လျှောက် သူ၏ ဘုရင်အဖြစ်အုပ်စိုးတော်မူခြင်းကို ဘုရားသခင်ဖွင့်လှစ်ဖော်ပြသည့်နည်းလမ်းအဖြစ်လည်း ကျမ်းစာက ရည်ညွှန်းထားသည်။ သူ၏ မဆုတ်မနစ်သော အုပ်စိုးပိုင်သမှုအကြောင်းကို ရှေးဦးစွာ လေ့လာကြပါစို့။

## မဆုတ်မနစ်သော အုပ်စိုးပိုင်သမှု

ဘုရားသခင်သည် မိမိဖန်ဆင်းထားသမျှတို့အပေါ်တွင် အစဉ်အမြဲ အုပ်စိုးတော်မူခဲ့ပြီး အစဉ်အမြဲ အုပ်စိုးတော်မူရန်လည်း ရှိသောကြောင့် ၁ရာချုပ်၂၉း၁၁နှင့် ၁တိမောသေ ၆း၁၅ ကဲ့သို့သော ကျမ်းပိုဒ်များက ဖန်ဆင်းခြင်းအလုံးစုံကို ဘုရားသခင့် နိုင်ငံတော်အဖြစ်ဖော်ပြထားသည်။

ကောင်းကင်ဘုံနှင့် မြေကမ္ဘာနှစ်ခုလုံးတွင် ဘုရားသခင့် အုပ်စိုးပိုင်သမှုသည် အဆင့်နှစ်ဆင့်အားဖြင့် ဖြစ်တည်နေကြောင်း ကျမ်းစာက ဖော်ပြထားသည်ကို ကျွန်ုပ်တို့ ထည့်စဉ်းစားရမည် ဖြစ်ပါသည်။

ကောင်းကင်ဘုံနှင့် စပ်လျဉ်း၍ ၃ဓမ္မ ၈း၂၇လို နေရာတို့၌ ဘုရားသခင် ရှင်ဘုရင်အဖြစ် အုပ်စိုးတော်မူခြင်းကို ကျမ်းစာကဖော်ပြထားသည်။ ဤကျမ်းပိုဒ်တွင် ရှောလမုန်မင်းက "ကောင်းကင်နှင့် ကောင်းကင်တကာတို့၏ အထွတ် အမြင့်ဆုံးသော ကောင်းကင်" သည် "ကိုယ်တော်ကို မဆံ့မခံနိုင်" သော ဖန်ဆင်းခံ အရပ်ဒေသတစ်ခုသာဖြစ်ကြောင်း ရှင်းရှင်းပြဆိုထားသည်။ သို့သော် ဘုရားသခင်သည် သူ၏ ဖန်ဆင်းခံသတ္တဝါများ၏ ရှေ့မှောက်တွင် မိမိကိုယ်ကို ဆက်လက်ကိုင်းညွှတ်နှိမ့်ချ၍ ဖွင့်လှစ်ဖော်ပြနေဆဲဖြစ်သည်။

ဟေရှာယ ၆း၁၊ ၂ရာချုပ် ၁၈း၁၈၊ ယောဘ ၁း၆၊ ဆာလံ ၈၂း၁ နှင့် ဒံယေလ ၇း၉-၁၀ တို့သာမက လုကာ ၂၂း၃၀၊ ဗျာဒိတ် အခန်းကြီး ၄ နှင့် ၆ တို့ကဲ့သို့သော ဓမ္မသစ် ကျမ်းပိုင်းတို့ကလည်း သက်ဝင်လှုပ်ရှားချက် အမျိုးမျိုးကို မျက်မြင်တွေ့နိုင်ရာ လောကီကမ္ဘာ၏ အထက်တွင်ရှိနေသည့် ထိုကောင်းကင်ဘုံသည် ဘုရားသခင့် ရာဇနန်းတော် ဖြစ်ကြောင်း ပြညွှန်ထားကြသည်။ ကောင်းကင်ဘုံ၌ ဘုရားသခင်သည် ရာဇပလ္လင်ပေါ်မှာ စိုးစံတော်မူသည်ဖြစ်၍ ကိုယ်တော်သည် အစီရင်ခံချက်များကို လက်ခံရယူပြီး ပဌနာပြုချက်တို့ကို နားညောင်းပေးသည်။ အကြံအစည်များကို ချိန်ဆ၊ ချမှတ်ကာ တော်ဝင် ပြန်တမ်းများကို ထုတ်ပြန်သည်။ ကမ္ဘာမြေကြီးပေါ်တွင် သူ၏ အမိန့်များကို လိုက်နာလုပ်ဆောင်ရန် ဝိဉာဉ်သတ္တဝါများကို လမ်းညွှန်သည်။ ကိုယ်တော်သည် အထူးသီးသန့် ရွေးကောက်ထားသည့် လူသားများအား သူ၏ ရာဇနန်းတော်သို့ ချဉ်းကပ်ခွင့်ကိုပင်လျှင် ရူပါရုံများအားဖြင့် အခါအားလျော်စွာ ပေးအပ်ပြီး သူ၏ အမှုတော်မြတ်အတွက် တာဝန်အပ်နှင်းပေးသည်။ ကောင်းကင်ဘုံ ရာဇနန်းတော်တွင် အပြစ်ရှိခြင်း၊ အပြစ်ကင်းခြင်းကို သူကြေညာပြီး ဖန်ဆင်းခံ ဝိဉာဉ်သတ္တဝါများ၊ လူသားများ၊ တိုင်းနိုင်ငံများအား သူ၏ တရားမျှတခြင်းနှင့် ကရုဏာတော်တို့နှင့် အညီ အပြစ်စီရင်မှု ပြုသည်။ သို့ရာတွင် ဘုရားသခင့် ကောင်းကင်ဆိုင်ရာ ပြုမူဆောင်ရွက်ချက်တို့သည် ကောင်းကင်ရှိ သူ၏ နိုင်ငံတော်ကို လမ်းညွှန်ပြနေရုံမျှသာ မကပါ။ ကမ္ဘာမြေကြီးပေါ် ရှိ သူ၏ ဖန်ဆင်းခံတို့၏ အောက်အရပ် နယ်ပယ်အတွင်းမှာလည်း ကိုယ်တော် ပိုင်သ အုပ်စိုးတော်မူပါသည်။

ကျမ်းစာက ဘုရားသခင့်နိုင်ငံတော်ကို ကောင်းကင်ဘုံမှာသာမက မြေကြီးပေါ်မှာပါ တည်နေသည့် ဘုရားသခင်၏ မဆုတ်မနစ်သော ပိုင်သအုပ်စိုးမှုအဖြစ် ဖော်ပြထားသော်လည်း ယေရှုနှင့် ဓမ္မသစ်ကျမ်းရေးသူတို့က မြေကြီးပေါ်က ဘုရားသခင့်နိုင်ငံတော်ကို ရည်ညွှန်းခဲ့ကြသည့်အခါ ဘုရားသခင် ဖွင့်လှစ်ဖော်ပြသော နိုင်ငံတော်ဟု ကျွန်ုပ်တို့ခေါ်ဝေါ်သည့် အရာကို သူတို့စဉ်းစားနေခဲ့ကြခြင်း ဖြစ်သည်။ ထိုမျှမက လူ့သမိုင်းတလျှောက် ဘုရားသခင်သည် သူ၏ နိုင်ငံတော်အား မည်သို့ဖွင့်ပြကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည့် နယ်ပယ်သည် ဤသို့သောအောက်အရပ်မြေကြီးနှင့်ဆိုင်သည့် နယ်ပယ်၌သာ ဖြစ်ပေသည်။

## နိုင်ငံတော်ကို ဖွင့်ပြခြင်း

ကျွန်ုပ်တို့ ယခုပင်ပြောခဲ့ပြီးသည့်အတိုင်း ဘုရားသခင်သည် သူ၏ ဖန်ဆင်းခံတို့အပေါ် အစဉ်အမြဲ အပြည့်အဝ ထိန်းချုပ်နေခဲ့သလို အမြဲတမ်းလည်း ထိန်းချုပ်နေမည်သာ ဖြစ်ပါသည်။ သို့သော်လည်း ဖွင့်လှစ်ဖော်ပြသော ဘုရားသခင့် နိုင်ငံတော်ဆိုသည်မှာ သမိုင်းတလျှောက် ဖန်ဆင်းခံတို့အပေါ် ဘုရားသခင့် ပိုင်သအုပ်စိုးခြင်းအား ဘုရားသခင် ဖွင့်လှစ်၊ ပြသ၊ သရုပ်ဖော်သည့် သီးသန့်ပုံစံကို ရည်ညွှန်းခြင်း ဖြစ်သည်။ သို့ဖြစ်၍ ကောင်းကင်ဘုံ၌ သူ၏ ရှင်ဘုရင်အဖြစ်စိုးစံမှုကို ဘုရားသခင် မည်သို့ဖော်ပြကြောင်း ကျမ်းစာက အတည်ပြုထားသော်ငြား ကျမ်းရေးသူများကမူ မြေကြီးပေါ်မှာ သူ၏ ရှင်ဘုရင်အဖြစ်စိုးစံမှုကို ဘုရားသခင်မည်သို့ ဖွင့်ပြခဲ့ကြောင်း ရှင်းပြသည့်အပေါ်တွင်သာ သူတို့၏ အာရုံကို အဓိက စူးစိုက်ထားကြသည်။

အစအဦး၌ ဘုရားသခင်သည် သူ၏ ရှင်ဘုရင်အဖြစ်စိုးစံမှုကို ဧဒင်ဥယျာဉ်ထဲတွင် ပြသခဲ့သည်။ အစအဦးဆုံးသော လူသားများကို ထိုအထွတ်အမြတ်ထားရာ ဥယျာဉ်ထဲတွင် ကိုယ်တော်က နေရာချထားပေးခဲ့ပြီး ကမ္ဘာတစ်လွှား သူ၏ မြင်ရသောနိုင်ငံတော်ကို တိုးချဲ့ဆန့်ထုတ်ရန် ထိုသူတို့အား တာဝန်အပ်နှင်းပေးခဲ့သည်။ ထိုသူတို့သည် ဘုရားသခင်၏ တော်ဝင် ယဇ်ပုရောဟိတ်များ အဖြစ်ဖြင့် မြေကြီးကို ပြည့်စေပြီး နိုင်ခဲ့ကြရမည်ဖြစ်သည်။ သို့သော် အာဒံနှင့် ဧဝတို့အား နိုင်ငံတော်အတွက် အဓိကကျသော ဆုတ်ဆိုင်းမှုကြီးထဲသို့ စာတန်က ဆွဲခေါ်သွားခဲ့သည်။ တုံ့ပြန်သည့်အနေဖြင့် ဘုရားသခင်သည် သူ၏ ဖန်ဆင်းခံတို့ကို အကျိန်တိုက်၍ လူသားမျိုးနွယ်၏ လုပ်ငန်းတာဝန်ကို ပိုမိုခက်ခဲသွားစေခဲ့သည်။ ကိုယ်တော်သည် လူသားမျိုးနွယ်ကို အချင်းချင်းဆိုင်ပြိုင်သည့် အုပ်စုနှစ်စုအဖြစ် ကွဲပြားစေခဲ့သည်။ တစ်စုသည် ဘုရားသခင်ကို အလုပ်အကျွေးပြုသူများဖြစ်၍ အခြားတစ်စုသည် ဘုရားသခင်ကို ဆန့်ကျင်သော စာတန်နှင့် ဆက်လက် ပူးပေါင်းသူများဖြစ်ကြသည်။

ဤပြိုင်ဆိုင်မှုသည် သမ္မာ ကျမ်းသမိုင်းတလျှောက် ပုံစံအမျိုးမျိုးဆောင်ယူခဲ့ပြီး ဘုရားသခင့်နိုင်ငံတော်အတွက် စိမ်ခေါ်ချက်များစွာ ပေါ်ပေါက်လာစေခဲ့သည်။ သို့ရာတွင် ကိုယ်တော်ကို ဆန့်ကျင်သူတို့အပေါ် ဘုရားသခင်သည် အဆုံးသတ်၌ အောင်မြင်မည့်အကြောင်း ကျမ်းစာက မကြာခဏ ညွှန်ပြလျက်ရှိသည်။ ကိုယ်တော်၏ ပုံသဏ္ဌာန်တော်သည် မြေကမ္ဘာကို ဖြည့်ပြီး အုပ်စိုးရာတွင် အောင်မြင်ပါလိမ့်မည်။ ဘုရားသခင့်နိုင်ငံတော်၏ အံ့ဖွယ်များကိုလည်း နေရာတိုင်းတွင် ဖွင့်လှစ်ဖော်ပြပါလိမ့်မည်။ ထိုအချိန်ရောက်သောကာလ ဆန့်ကျင်ပုန်ကန်မှု ရှိသမျှအပေါ် ဘုရားသခင့် အောင်မြင်ခြင်းသည် ကြီးမားလှရကား ဖန်ဆင်းခံသတ္တဝါတိုင်းသည် ကိုယ်တော်ကို ဖန်ဆင်းခြင်း၏ ရှင်ဘုရင်အဖြစ် အသိအမှတ်ပြုကြလိမ့်မည် ဖြစ်သည်။ ဖိလိပ္ပိ ၂း၁၀-၁၁ တွင် ရှင်ပေါလု ဖော်ပြထားပုံမှာ

> အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့်၊ ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်အကြောင်းတည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သမိုင်းကြောင်း၏ ပန်းတိုင်နှင့် စပ်လျဉ်းသော ဘုန်းနှင့် ပြည့်စုံသည့် ဤရူပါရုံသည် ယေရှုနှင့် သူ့နောက်လိုက်တို့က "ဘုရားသခင့်နိုင်ငံတော်ဆိုင်ရာ သတင်းကောင်း" အဖြစ်ကြေညာသည့် အောင်မြင်မှုပင်ဖြစ်သည်။

သတင်းကောင်းနှင့်တကွ ဘုရားသခင့်နိုင်ငံတော်ကိုပါ လေ့လာခြင်းဖြင့် ဘုရားသခင့်နိုင်ငံတော်နှင့် ယှဉ်သော သတင်းကောင်း၏ အခြေခံသဘောအယူအဆကို ကျွန်ုပ်တို့ အကြမ်းဖျင်း ဖော်ပြပြီးဖြစ်၍ ဘုရားသခင့်နိုင်ငံတော်အတွက် အောင်မြင်ခြင်းအကြောင်း ဆင့်ဆိုခြင်း၏ လေးနက်အရေးပါမှု တိုးတက်ဖြစ်ထွန်းလာနေပုံကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။

# တိုးတက်ဖြစ်ထွန်းလာနေသော လေးနက်အရေးပါမှုများ

နိုင်ငံတော်အတွက် အောင်မြင်ခြင်းဆိုင်ရာ သတင်းကောင်းသည် ဓမ္မသစ် ဓမ္မပညာအစိတ်အပိုင်းများ အထဲ၌ စေ့စေ့စပ်စပ် ယှက်နွယ်နေရကား ၎င်းကို အထင်အရှားဖြစ်စေ၊ မထင်မရှားဖြစ်စေ ဓမ္မသစ်၏ နေရာတိုင်းတွင် တွေ့နိုင်သည်။ ဓမ္မသစ်ကိုရေးခဲ့စဉ်အချိန်လောက်က ဘုရားသခင့် နိုင်ငံတော်အတွက် အောင်မြင်ရေး မျှော်လင့်ချက်သည် လေးနက်အရေးပါမှုများစွာကို တိုးတက်လာစေခဲ့ပြီး ဖြစ်ရကား ၎င်းသည် ဓမ္မသစ် ဓမ္မပညာ၏ ရှုထောင့် နယ်ပယ် ရှိသမျှထဲသို့ စိမ့်ဝင်ပျံ့နှံ့နေခဲ့သည်။

ဓမ္မသစ် ဓမ္မပညာထဲက ဘုရားသခင့်နိုင်ငံတော်၏ လေးနက်အရေးပါမှု တိုးတက်ဖြစ်ပေါ်လာနေမှုကို ဇစ်မြစ်လိုက်နိုင်သည့် နည်းများစွာ ကျွန်ုပ်တို့တွင် ရှိသော်လည်း ရည်ရွယ်ချက်ပေါက်မြောက်ရန်အလို့ငှာ ရှုထောင့်နှစ်ခုမျှကိုသာ ကျွန်ုပ်တို့ လေ့လာပါမည်။ ပထမဦးစွာ ဓမ္မသစ်ကာလများဆီ ဦးတည်လာစေသည့် ဣသရေလတို့၏ ကျရှုံးမှုများကို ကျွန်ုပ်တို့ စဉ်းစားကြည့်ကြပါမည်။ ပြီးလျှင် ဒုတိယအားဖြင့် ခရစ်တော်ကြွမလာမီ ဘုရားသခင့်နိုင်ငံတော်ဆိုင်ရာ ဣသရေလတို့၏ မျှော်လင့်ချက်များကို လေ့လာဖော်ထုတ်ကြပါမည်။ ဣသရေလတို့၏ ကျရှုံးမှုများကို ဦးစွာ ကြည့်ကြပါစို့။

## ဣသရေလတို့၏ ကျရှုံးမှုများ

ဖန်ဆင်းခြင်းနှင့် လူသားမျိုးနွယ်ကို အပြစ်တရားက ကျိန်ခြင်းအမင်္ဂလာအောက်ထဲ ဆွဲချခဲ့ပြီးသည့်နောက် အာဒံနှင့် ဧဝမောင်နှံသို့ ကိုယ်တော်ပေးအပ်ထားခဲ့သည့် နိုင်ငံတော်တာဝန်ကြီးကို ပြီးပြည့်စုံစေရန် ဘုရားသခင်သည် အာဗြဟံနှင့် သူ့သားမြေးတို့အား ရွေးကောက်ခဲ့သည်။ ဘုရားသခင်သည် အာဗြဟံ၏ မိသားစုအား တိုးပွားများပြားစေမည့်အကြောင်း ကတိထားခဲ့သည်။ ထို့နောက် ကမ္ဘာတလွှား ဘုရားသခင့် ကောင်းချီးမင်္ဂလာများကို ဖြန့်ကျက်ရန် စမှတ်အဖြစ် ကတိတော်နယ်မြေအား အာဗြဟံနှင့် သူ့သားမြေးများသို့ ကိုယ်တော်ပေးအပ်ခဲ့သည်။ မောရှေ နှင့် ယောရှုတို့၏ကာလများ၌ ဘုရားသခင်သည် ခါနနိလူများ နှင့်တကွ ၎င်းတို့ ကိုးကွယ်သော နတ်ဘုရားများအပေါ် အောင်မြင်ခြင်းအခွင့်ကို ဣသရေလတို့အား ပေးခြင်းဖြင့် သူတို့၏ ခံစားခွင့်များနှင့် တာဝန်ဝတ္တရားများကို အကျိုးပြုထောက်ကူခဲ့သည်။ နောက်ပိုင်းတွင် ဒါဝိဒ်၊ ရှောလမုန်နှင့်တကွ ယုဒ၊

ဣလသရေလ ရှင်ဘုရင်အချို့သည် အခြားသောတိုင်းနိုင်ငံများအပေါ် ဘုရားသခင့်နိုင်ငံတော်ကို ဖြန့်ကျက်ရာ၌ ထူးခြားအရေးပါသော အောင်မြင်မှုများ ရရှိခဲ့ကြသည်။ အမှန်ဆိုရလျှင် ရှောလမုန်ရှင်ဘုရင်၏ အုပ်စိုးကာလ အထွတ်အထိပ်ရောက်ချိန်တွင် ဣလသရေလ နိုင်ငံတော်သည် ကမ္ဘာတွင် ဘုန်းနှင့်အပြည့်ဝဆုံး အင်ပါယာတစ်ခု ဖြစ်ခဲ့သည်။

အဆိုပါ အခွင့်ထူးများရှိခဲ့လင့်ကစား အာဗြဟံ၏ သားမြေး မျိုးဆက်ရှိသမျှသည် ဘုရားသခင်ကို တနည်းမဟုတ် တနည်း ကျရှုံးစေခဲ့ကြသည်။ သို့သော် သူတို့မည်မျှ ကျရှုံးပါလေစေ၊ ဘုရားသခင်သည် သူတို့အပေါ် သည်းခံ၍ ရှေ့ဆက်သွားနိုင်ရန် သူတို့အား ခွန်အားပေးခဲ့သည်။ ဝမ်းနည်းဖွယ်ကောင်းစွာပင် ဘုရားသခင့်လူမျိုးတော်သည် တော်ဝင်နန်းဆက်၊ ဗိမ္မာန်တော်တည်ရာ မင်းနေပြည်တော်နှင့်တကွ မိမိတို့၏ ကိုယ်ပိုင်နိုင်ငံတော် ဖြစ်တည်လာခဲ့သည်နှင့်တစ်ပြိုင်နက် ဣလသရေလတို့၏ ကျရှုံးမှုတို့သည်လည်း ပေါ်ပေါ်ထင်ထင်ဖြစ်လာသည့်အတွက် ဘုရားသခင်သည်လည်း သူတို့အပေါ် စီရင်မှုများ ပြုလာရတော့သည်။ ဣလသရေလကို တိုက်ခိုက်အနိုင်ယူရန် ဆိုးညစ်သည့် အာရှုရိနှင့် ဘာဗုလုန် အင်ပါယာတို့ကို စေလွှတ်ခဲ့သည်။ အဆိုပါ ဆိုးရွားလှသော ရှုံးနိမ့်မှုများကြောင့် ဒါဝိဒ်နန်းဆက်ကွယ်ခဲ့ရပြီး ဗိမ္မာန်တော် အကြီးအကျယ် ပြိုပျက်သွားခဲ့ရသည်။ ယေရုရှလင်မြို့ ဖျက်ဆီးခံရပြီး ဣလသရေလ အများစု ကျွန်အဖြစ်ဖမ်းခေါ်သွားခြင်း ခံခဲ့ရသည်။ ကတိတော်နယ်မြေသည်လည်း အပြိုအပျက်ဘဝ၌ ကျန်ရစ်ခဲ့တော့သည်။ သို့နှင့် ဓမ္မဟောင်းကာလပြီးဆုံးချိန်တွင် ဘုရားသခင့်နိုင်ငံတော်ဆိုင်ရာ အောင်မြင်ပြီးစီးခဲ့မှုတို့သည် အရာရာ ပျောက်ကွယ်ပျက်ဆီးသွားသည့်ပုံကို ဆောင်သွားတော့သည်။ ဓမ္မသစ်အချိန်ကာလရောက်လာချိန်တွင်မူ ဣလသရေလနယ်မြေရှိ ဘုရားသခင်နိုင်ငံတော်သည် တပါးအမျိုးတိုင်းနိုင်ငံတို့၏ အဓမ္မ ဖိနှိပ်အုပ်စိုးမှုနှင့်တကွ ၎င်းတို့ ကိုးကွယ်သော မှားယွင်းသည့် နတ်ဘုရားဆိုးတို့ အောက်တွင် နှစ်ပေါင်းငါးရာကျော် ဆင်းရဲဒုက္ခခံစားခဲ့ရပြီးဖြစ်သည်။

အကြောင်းမလှစွာပင် ယနေ့ခေတ် ခရစ်ယာန်များသည် အဆိုပါ အတွေ့အကြုံများနှင့် အလှမ်းကွာဝေးလွန်းလှသည်ဖြစ်သောကြောင့် ဓမ္မသစ် ဓမ္မပညာအပေါ် ဓမ္မဟောင်းကာလ ဘုရားသခင့်နိုင်ငံတော် ကျရှုံးမှုက မည်သည့်အတိုင်းအတာထိ ရိုက်ခတ်မှု ရှိနေခဲ့သည်ကို ကျွန်ုပ်တို့အများစု သတိမမူမိဘဲ ဖြစ်နေတတ်ပါသည်။ သို့သော်လည်း ယေရှု၏ နောက်လိုက်များအပါအဝင် ပထမရာစုနှစ် ဂျူးများ၏ စိတ်ထဲ၌ တပါးအမျိုးတိုင်းနိုင်ငံများထံ ဣလသရေလ၏ အညံ့ခံဒူးထောက်ရခြင်းသည် လေးလံစွာ ဖိစီးနေခဲ့သည်။ ကျွန်ဘဝရောက်ခဲ့ရခြင်းကြောင့် မြင်နိုင်သော ဘုရားသခင့်နိုင်ငံတော် အဆုံးသတ်သွားခဲ့ပြီလားဟု ပထမရာစုနှစ်ဂျူးများ တွေးတောအံ့သြနေခဲ့ကြသည်။ ဘုရားသခင့် နိုင်ငံတော်အတွက် မျှော်လင့်စရာ သတင်းကောင်း ရှိနေပါသေးသလော။ ဤ အခြေအနေသည် ဓမ္မသစ်စာရေးသူတို့အား ဘုရားသခင့်နိုင်ငံတော် အဆုံးသတ်သို့မရောက်သွားခဲ့သေးကြောင်း အခိုင်အမာ ပြောဆိုရာသို့ ရောက်စေခဲ့သည်။ အရာရာသည် ပြီးဆုံးခြင်းသို့ ရောက်မသွားခဲ့သေးပါ။ နာဇရက်မြို့သား ယေရှုက ကျွန်ခံရာကာလ ပြီးဆုံးမည့်အကြောင်း သတင်းကောင်းကို ဟောပြောဆင့်ဆိုခဲ့သည်။ ထို့ကြောင့် ဣလသရေလတို့ မည်မျှပင် ကျရှုံးနေကာမူ ကမ္ဘာတလွှား ခရစ်တော်အားဖြင့် ဘုရားသခင်၏ အောင်မြင်သော နိုင်ငံတော်သည် ထူထောင်လိမ့်မည်သာ ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဣသရေလတို့၏ ကျရှုံးမှုအားဖြင့် ဘုရားသခင့်နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းနေသော လေးနက်အရေးပါမှုတို့ကို ကျွန်ုပ်တို့ ရှုမြင်ပြီးသည်ဖြစ်၍ ကျွန်ခံကာလပြီးဆုံးသည့်နောက် ဘုရားသခင့်နိုင်ငံတော်အတွက် ဣသရေလတို့ထားရှိသော မျှော်လင့်ရာတို့ကို လေ့လာရန် ကျွန်ုပ်တို့ အဆင်သင့်ရှိနေကြပြီ ဖြစ်ပါသည်။

## ဣသရေလတို့၏ မျှော်လင့်ရာများ

ဓမ္မဟောင်းထဲတွင် ဘုရားသခင်သည် ဣသရေလနိုင်ငံအား ၎င်းတို့၏ သစ္စာမဲ့မှုများကြောင့် များမကြာမီ ရောက်လာတော့မည့် ရှုံးနိမ့်မှုအကြောင်းကို သူ၏ ပရောဖက်များအားဖြင့် သတိပေးပြောဆိုခဲ့သည်။ သို့သော် ကိုယ်တော်၏ ကရုဏာတော်အရ ကျွန်ခံရာကာလအတွင်းရှိနေသူများအနေဖြင့် ကြီးမားသောအောင်မြင်မှုကို မျှော်လင့်နိုင်ရေးအတွက် နောင်တသို့ခေါ်ယူရန် ပရောဖက်များအားလည်း စေ့ဆော်တိုက်တွန်းတော်မူခဲ့သည်။ အဆိုပါ ပရောဖက်ပြုချက်များသည် ရှုပ်ထွေးခက်ခဲသည်။ သို့သော် ယေဘူယျဝေါဟာရများအရ ဆိုရလျှင် ဣသရေလသည် ကိုယ်တော်၏ ရန်သူတို့အပေါ် ဘုရားသခင် အောင်နိုင်၍ သူ၏လူမျိုးတော်ကို ဘုန်းနှင့်ပြည့်စုံသော၊ ကမ္ဘာလုံးဆိုင်ရာ သူ့နိုင်ငံတော်၏ ကောင်းချီးများထဲသို့ ခေါ်သွင်းမည့်အကြောင်း မျှော်လင့်ထားခဲ့သည်။

အဆိုပါ မျှော်လင့်ရာတို့ကို ဓမ္မဟောင်းထဲ နေရာများစွာတွင် ကျွန်ုပ်တို့တွေ့နိုင်သည်။ သို့သော် အချိန်ကို ထောက်ရှုသောအားဖြင့် ဟေရှာယ ၅၂ပါ အများသိထင်ရှားသည့် ပရောဖက်ပြုချက်တစ်ခုမှ ကျမ်းချက်နှစ်ချက်ခန့်မျှကိုသာ ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ ဦးစွာ ဟေရှာယ ၅၂း၇ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> "ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာ သတင်းကို ကြားပြောသောသူ၊ ကယ်တင်ခြင်းကောင်းကျိုး ချမ်းသာ၏ ဝမ်းမြောက်စရာ သတင်းကို ကြားပြောသောသူ၊ သင်၏ ဘုရားသခင် စိုးစံတော်မူ၏ ဟု ဇိအုန်မြို့အား ပြောသောသူ၏ ခြေတို့သည် တောင်ပေါ်မှာ အလွန်တင့်တယ်လှစွတကား" (ဟေရှာယ ၅၂း၇)

ဤကျမ်းချက်သည် ကျွန်ုပ်တို့အတွက်အရေးပါသည်။ အကြောင်းမှာ ဘုရားသခင့်နိုင်ငံတော်အတွက် အောင်မြင်မှုအကြောင်း သတင်းကောင်းကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထား၍ ဖြစ်သည်။ ဟေရှာယက အလားတူ ဖော်ပြထားရာ ၎င်းသည် ဟေရှာယ ၄၀း၉ ကျမ်းပိုဒ်နှင့်လည်း နီးနီးစပ်စပ် တူညီမှု ရှိနေသည်။ အဆိုပါ ကျမ်းချက်နှစ်ချက်၏ ပိုမိုကြီးမားသည့်နောက်ခံအဆက်အစပ်က "သတင်းကောင်း" သည် ဣသရေလတို့ ကျွန်ခံရာကာလ အဆုံးသတ်ပြီးနောက်ပိုင်း မရှိခဲ့ဖူးသေးသော ဘုရားသခင့်နိုင်ငံတော်၏ အောင်မြင်မှုကို ရည်ညွှန်းကြောင်း ဖော်ပြနေသည်။ အဆိုပါ မျှော်လင့်ရာအကြောင်း ကြိုတင်ဟောပြောချက်တို့သည် ပထမရာစုနှစ်အတွင်းရှိ ဂျူးလူထုကြီး၏ ဓမ္မပညာဆိုင်ရာဆင်ခြင်သုံးသပ်မှုတို့အတွင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စိမ့်ဝင်ပျံ့နှံ့နေခဲ့ကြသည်။ ထို့ကြောင့် ဓမ္မသစ် ဓမ္မပညာထဲ ၎င်းတို့ စိမ့်ဝင်ပျံ့နှံ့နေခဲ့သည်မှာလည်း အံ့သြဖွယ်ရာမရှိပါ။

> ဓမ္မဟောင်း ပုံပြင်ဇာတ်ကြောင်း တစ်ခုလုံးကို ခြုံကြည့်လျှင် ကျွန်ခံရခြင်းအာဘော်ကသာ လွှမ်းမိုးလျက်ရှိသည်။ ၎င်းသည် အာဒံနှင့် ဧဝကျရှုံးခဲ့ရာ ဒေင်ဥယျာဉ်ဆီသို့ နောက်ကြောင်းပြန်ပြီး ဣသရေလ၏ ကိုယ်ပိုင်သမိုင်းကြောင်းအတွင်း၌ ပြန်လည် ပေါင်းရုံးလိုက်ခြင်းသာ ဖြစ်သည်။ သို့ဖြစ်၍ ဓမ္မဟောင်း ဇာတ်ကြောင်းအပေါ် အကြီးအကျယ် အရိပ်ထိုးနေသော ဤသို့သော စိတ်ပျက်အားငယ်ဖွယ် အဖြစ်အပျက် အလှည့်အပြောင်းတို့ကြောင့် ကျွန်ဘဝ၏ အခြားတဘက်သို့ လွန်မြောက်သော မျှော်လင့်ရာကို တောင့်တသည့် လိုအင်ဆန္ဒမျိုးကိုလည်း သဘာဝကျစွာတောင်းဆိုလာတော့သည်။ ထို့ကြောင့် ဘုရားသခင်က သူ၏ လူမျိုးတော်ကို မူလအတိုင်းပြန်တည်မြဲစေမည့်အကြောင်း မကြာမတင်ဖြစ်ပျက်လာမည့် ပရောဖက်ပြုချက်များစွာ ကျွန်ုပ်တို့၌ ရှိကြသည်။ သီးသန့်အားဖြင့် ဟေရှာယထဲ၌ တွေ့ရသည်။ သို့ရာတွင် ထိုအရာကို ဖန်ဆင်းခြင်းဇာတ်ကြောင်းနှင့် သင့် နောက်ပြန် ချိတ်ဆက်လိုက်သောအခါ နယ်မြေကို ပြန်လည်တည်မြဲစေရုံမျှဖြင့် အစအဦး၌ သို့မဟုတ် အစပြုပြီးသည့် နောက်ပိုင်း မကြာမီ ဖြစ်ခဲ့သည့် ရှေးဦး ထိခိုက်ပျက်ဆီးခဲ့ရမှုကို ပြန်လည်ကုစားရန် မည်သည့်အခါတွင်မျှ လုံလောက်လိမ့်မည် မဟုတ်ကြောင်း သင်နားလည်သဘောပေါက်ရတော့သည်။ သို့ဖြစ်၍ ထူးထူးခြားခြား စွမ်းရည်ရှိသော ရှင်ဘုရင် တစ်ပါးပါး၏လက်ဖြင့် ဣသရေလ၏ မကြာမတင် လွတ်မြောက်မှုကိုသာမက ဘုရားလူတို့အပေါ် ဘုရားကိုယ်စား အုပ်စိုးသူ တစ်ဦးဦးထံမှ အဆုံးသတ်လွတ်မြောက်မှုတို့အတွက် တောင့်တချက်တစ်ခုကို ဓမ္မဟောင်း ပရောဖက်များအထဲ၌ ရှာဖွေခြင်းသည် အတော်ပင် သဘာဝကျပါသည်။

**ဒေါက်တာ Sean McDonough**

ဟေရှာယ ၅၂း၇ကို စေ့စေ့ကြည့်ပါက ဘုရားသခင့်နိုင်ငံတော်၏ အောင်မြင်မှုအတွက် ဣသရေလ၏ မျှော်လင့်ရာနှင့် ဆက်နွယ်သည့် သွင်ပြင်လက္ခဏာလေးရပ်အပေါ် မီးမောင်းထိုးပြနေကြောင်း တွေ့နိုင်သည်။

ပထမဦးစွာ ဟေရှာယက သတင်းကြားပြောသောသူသည် ဇိအုန်မြို့အား "ဝမ်းမြောက်စရာသတင်း ကြားပြောလိမ့်မည်" ဟူ၍၎င်း၊ "ကယ်တင်ခြင်း ကောင်းကျိုးချမ်းသာ၏ ဝမ်းမြောက်စရာသတင်းကို ကြားပြောလိမ့်မည်" ဟူ၍၎င်း ဆိုခဲ့သည်။ အဆိုပါ စကားစုနှစ်ခုလုံးသည် ဆက်ကျူးအေးဂျင့် ကျမ်းက *အျူအင်ငဲလီဇို ဟု* ပြန်ဆိုသော ဟေဗြဲကြိယာ *ဘာဆား* ကို အနက်ပြန်ဆိုထားကြသည်။ အစောပိုင်း ကျွန်ုပ်တို့တွေ့ခဲ့ကြသလို ဤအလားတူ အသုံးအနှုန်းအား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်တော်၌ ဘုရားသခင့် နိုင်ငံတော်အောင်မြင်မှု၏ ဝမ်းမြောက်ဖွယ်သတင်းစကား အတွက် ဓမ္မသစ်ထဲ၌ သုံးစွဲထားသည်။

ဒုတိယအားဖြင့် ဟေရှာယ ၅၂း၇ အား ရောမ ၁၀း၁၅၌ ရည်ညွှန်းကိုးကားထားကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ ဤနေရာတွင် ဣသရေလတို့ကျွန်ခံကာလအဆုံး၌ သတင်းကောင်း ကြေညာသည့် တမန်များအကြောင်း ကြိုတင်ပရောဖက်ပြုချက်အား ခရစ်ယာန် ဆင့်ဆိုဟောပြောချက်က ပြီးပြည့်စုံစေခဲ့ကြောင်း ရှင်ပေါလုက ညွှန်ပြထားခဲ့သည်။

တတိယအားဖြင့် ဝမ်းမြောက်ဖွယ် သတင်းကောင်းသည် "ငြိမ်သက်ခြင်း" နှင့် "ကယ်တင်ခြင်း" အကြောင်း ဆင့်ဆိုဟောပြောချက် ဖြစ်လိမ့်မည်ဟု ဟေရှာယက ကြိုတင်ဟောပြောထားခဲ့သည်။ ဖေက် ၆း၁၅တွင် ရှင်ပေါလုက ခရစ်ယာန်တို့၏ "ငြိမ်သက်ခြင်းနှင့်ယှဉ်သော ဧဝံဂေလိတရား" ဟု ရည်ညွှန်းထားခဲ့ပြီး ဖေက် ၁း၁၃ တွင်မူ "ကယ်တင်တော်မူခြင်းအကြောင်းနှင့် ယှဉ်သော ဧဝံဂေလိတရား" ဟု ဖော်ပြထားခဲ့သည်။

စတုတ္ထအားဖြင့် ဤကျမ်းချက်၏ နောက်ဆုံးစာကြောင်းက "သင်၏ ဘုရားသခင်သည် စိုးစံတော်မူ၏" ဟူသော ကြေညာချက်ဖြင့် ဧဝံဂေလိတရားကို အကျဉ်းချုပ်ပေးလိုက်တော့သည်။ ဤသတင်းစကားသည် ယေရှုနှင့် ဓမ္မသစ်စာရေးသူတို့က "နိုင်ငံတော်နှင့်ယှဉ်သော သတင်းကောင်း" သို့မဟုတ် "ဘုရားသခင်၏" အုပ်စိုးမှုအနေဖြင့် အဖန်ဖန် ရည်ညွှန်းခဲ့ကြသော သတင်းကောင်း၏ အခြေခံအုတ်မြစ်ကို ဖွဲ့စည်းပေးသည်။

ဣသရေလ၏ မျှော်လင့်ရာ ရောက်ရှိလာခြင်းအကြောင်းနှင့် စပ်လျဉ်းပြီး ဟေရှာယ ၅၂း၇၌ ပရောဖက် ဟေရှာယက မည်သို့ ကြိုတင်ပရောဖက်ပြုထားခဲ့သည်ကို ကျွန်ုပ်တို့ ရှုမြင်ခဲ့ပြီးသည့်နောက် ဤတူညီသော အခန်းကြီးထဲက အငယ် ၁၀ ကို လေ့လာကြည့်ကြပါစို့။ ဤနေရာတွင် ဟေရှာယက ဣသရေလတို့ တောင့်တတွေ့မြင်လိုခဲ့ကြသော အောင်မြင်ခြင်း၏ မျက်နှာစာ နှစ်ဖက်အကြောင်း ကြိုတင်ပြောထားခဲ့သည်။ ပထမအားဖြင့် ဘုရားသခင့်ရန်သူများ ရှုံးနိမ့်ကြမည့်အကြောင်း သူကြိုတင်မျှော်တွေးထားခဲ့သည်။

ဘုရားသခင့် ရန်သူတို့ ရှုံးနိမ့်မှုသည် ဟေရှာယ ၅၂း၁၀ ၏ ပထမကျမ်းဝက်တွင် ရှင်းလင်းပြတ်သားစွာပေါ်ထွက်နေသည်။ ၎င်းတွင် ဟေရှာယက ပြောဆိုထားသည်မှာ

> ထာဝရ ဘုရားသည် ခပ်သိမ်းသောလူအမျိုးမျိုးတို့ရှေ့မှာ သန့်ရှင်းသော လက်ရုံးတော်ကို ဖွင့်ပြတော်မူလိမ့်မည် (ဟေရှာယ ၅၂း၁၀)။

ဤနေရာတွင် ဘုရားသခင်က "သူ၏ သန့်ရှင်းသောလက်ရုံးတော်ကို ဖွင့်ပြ" လိမ့်မည် ဆိုသည်မှာ သူ့ရန်သူတို့ကို သူ့လက်ရုံးတော် အစွမ်းတန်ခိုးဖြင့် တိုက်ခိုက်အနိုင်ယူမည်ကို ဆိုလိုကြောင်း ကျွန်ုပ်တို့ တွေ့မြင်ရသည်။

မှန်ပါသည်။ ဓမ္မဟောင်းနှင့် ရင်းနှီးသူတိုင်းက ဘုရားသခင်သည် ရန်သူတို့ကို အကြိမ်ကြိမ် အနိုင်ယူတော်မူခဲ့ကြောင်း သိထားကြပါသည်။ သို့ဖြစ်၍ ဤဘုရားသခင့်အောင်မြင်မှုအကြောင်း ကြိုတင်ပြောဆိုချက်သည် အဘယ်ကြောင့် အထူးတလည်ဖြစ်ခဲ့ရပါသနည်း။ ဤကျမ်းချက်ထဲ၌



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည် သူ့ရန်သူတို့အား "ခပ်သိမ်းသောလူအမျိုးမျိုးတို့ရှေ့မှာ" အနိုင်ယူတော်မူမည့်အကြောင်း ဟေရှာယက ကြိုတင်ပြောဆိုထားခဲ့သည်။ တနည်းဆိုရလျှင် ဣသရေလတို့ကျွန်ခံကာလပြီးဆုံးပြီးသည့်နောက်တွင် ဘုရားသခင်သည် သူ၏ ရန်သူတို့အား လုံးလုံးလျားလျား အနိုင်ယူတော်မူမည့်အကြောင်း ဟေရှာယက ကြိုတင်ပြောခဲ့ခြင်း ဖြစ်သည်။ ကိုယ်တော်သည် သူတို့အား အစွမ်းတန်ခိုးကင်းမဲ့သွားစေပြီး မြေပြင်ပေါ်မှ ဖယ်ရှားကာ ထာဝရ ဒဏ်စီရင်ခံရခြင်းဆီသို့ ပို့လွှတ်တော်မူမည် ဖြစ်သည်။

ဒုတိယအားဖြင့် ဟေရှာယ ၅၂:၁၀၏ နောက်ဆုံးကျမ်းဝက်က ဘုရားသခင်၏ အောင်မြင်မှုသည် သူ၏ နိုင်ငံတော်ကောင်းချီးများအထဲသို့ ဘုရားသခင့်လူတို့အား ပို့ဆောင်ခေါ်သွင်းခြင်း အကျိုးရလာဒ်ကို ဖြစ်စေမည့်အကြောင်း ပြောပြထားသည်။ ဟေရှာယ ၅၂:၁၀၏ ဤအပိုင်းကို နားထောင်ကြည့်ကြပါစို့။

> မြေကြီးစွန်း ရှိသမျှတို့သည် ငါတို့ ဘုရားသခင်၏
> ကယ်တင်တော်မူခြင်းကျေးဇူးကို သိမြင်ကြလတံ့ (ဟေရှာယ ၅၂:၁၀)။

ဓမ္မဟောင်း၌ ဘုရားသခင်သည် သူ၏ လူတို့အား အဖန်ဖန် ကယ်လွှတ်တော်မူခဲ့ကြောင်း ကျွန်ုပ်တို့ သိထားကြပါသည်။ သို့ရာတွင် ဤနေရာရှိ ဟေရှာယ၏ ကယ်လွှတ်ခြင်းတွင်မူ "မြေကြီးစွန်းရှိသမျှတို့သည်" တွေ့မြင်ကြရလိမ့်မည်ဟု ဆိုထားသည်။ ဘုရားသခင့် ရန်သူတို့ ရှုံးနိမ့်မှုသည် စကြဝဠာတစ်ခုလုံးနှင့် သက်ဆိုင်လိမ့်မည် ဖြစ်သကဲ့သို့ သူ၏ ကယ်လွှတ်တော်မူခြင်းသည် ကမ္ဘာတစ်ခုလုံးနှင့် သက်ဆိုင်ရုံမက အဆုံးသတ်လည်း ဖြစ်ပါလိမ့်မည်။ အဆုံးတွင် ဘုရားသခင်သည် ကိုယ်တော်၏ ဘုန်းနှင့် ပြည့်သောမျက်မှောက်တော်ရှိ ပျော်ရွှင်ခြင်း၊ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊ ကြွယ်ဝခြင်းနှင့် အဆုံးမရှိသော ဝမ်းမြောက်နှစ်သိမ့်ခြင်းတို့နှင့်ယှဉ်သော သူ၏ နိုင်ငံတော်ထဲသို့ သူ၏ လူမျိုးတော်အား ပို့ဆောင်ခေါ်သွင်းတော်မူပါလိမ့်မည်။

ဘုရားသခင်၏ အောင်မြင်ခြင်းအကြောင်းနှင့် ဆိုင်သည့် အဆိုပါ ရှုထောင့်မျက်နှာစာ နှစ်ခုကို နောက်ပိုင်း ကျွန်ုပ်တို့၏ သင်ခန်းစာထဲတွင် ပိုမိုအသေးစိတ် လေ့လာကြပါမည်။ သို့သော်အဆိုပါ ကျမ်းချက်များက ပုံဖော်နေသလိုပင် နိုင်ငံတော်ရောက်ရှိလာခြင်းနှင့် စပ်လျဉ်းသည့် ပရောဖက်ပြုချက်များကို ဓမ္မဟောင်းတလျှောက်တွေ့မြင်နိုင်ပါသည်။

အကြောင်းမလုစွာပင် နှစ်ပေါင်း ၂၀၀၀ကျော်ကြာခဲ့သည်အထိ အစဉ်အလာ ခရစ်ယာန် ဓမ္မပညာသည် ဓမ္မသစ်ထဲက နိုင်ငံတော်၏ လေးနက်အရေးပါမှုကို မထင်ပေါ်အောင် ဖုံးပိတ်ဆီးကာထားခဲ့သည်။ ခရစ်ယာန်တို့သည် အသင်းတော်သမိုင်းတလျှောက် ကွဲပြားသောခေတ်ကာလများအတွင်း အမျိုးမျိုးသော အရေးအရာများကို တုန့်ပြန်သောအားဖြင့် အဖုံဖုံသော ဓမ္မပညာအမြင်များစွာအပေါ် မှန်ကန်စွာ အလေးအနက်ပြုခဲ့ကြပြီးဖြစ်သည်။ သို့ရာတွင် ဓမ္မသစ်ရေးသားစဉ်အချိန်က ဘုရားသခင့် နိုင်ငံတော်၏ ကျရှုံးမှုသည် ယေရှု၏ နောက်လိုက်များအပေါ်တွင် အကြီးအကျယ် ဖိစီးနေခဲ့ကြောင်း ကျွန်ုပ်တို့ မိမိကိုယ်မိမိ အမြဲတစေ သတိပေးနေရမည် ဖြစ်ပါသည်။ ဘုရားသခင်၏ နိုင်ငံတော်သည် ယခင်ကမရရှိခဲ့ဖူးသော အောင်မြင်ခြင်းသို့ ယေရှုခရစ်အားဖြင့် ရောက်လာမည့်အကြောင်း သူတို့ယုံကြည်ထားမှုထက် ပို၍ အရေးကြီးသောအရာသည် သူတို့၌ မရှိပါ။ သို့ဖြစ်၍ ဤအကြောင်းကြောင့်ပင် ဓမ္မသစ်ဓမ္မပညာအား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင့်နိုင်ငံတော်အကြောင်း ဝမ်းမြောက်ဖွယ် သတင်းကောင်း၏ မူဘောင်အတွင်း၌ ပုံစံသွန်းလောင်းထားခြင်း ဖြစ်သည်။

ယခုအချိန်ထိ ဘုရားသခင့်နိုင်ငံတော်အကြောင်း သင်ခန်းစာတွင် ဓမ္မသစ်ဓမ္မပညာထဲက နိုင်ငံတော်နှင့် ယှဉ်သော ဝမ်းမြောက်ဖွယ်သတင်းကောင်း၏ ပေါ်လွင်ထင်ရှားသည့် ဆိုလိုရင်းအာဘော်ကို ကျွန်ုပ်တို့ အစပြုမိတ်ဆက်ထားခဲ့ပြီဖြစ်ပါသည်။ ယခုတွင် နိုင်ငံတော်ရောက်ရှိလာခြင်းက ဓမ္မသစ်ဓမ္မပညာကို မည်သို့ ပုံဖော်ခဲ့သည်ဆိုသည့် ပဓာနကျသော ဒုတိယမြောက် ခေါင်းစဉ်ဘက်သို့ ကျွန်ုပ်တို့ လှည့်ကြပါမည်။

# ရောက်ရှိလာခြင်း

---

အချို့သော အရာတို့သည် မကြာမီ ဖြစ်ပျက်လာတော့မည်ဟု ကျွန်ုပ်တို့ ယုံကြည်ခဲ့ကြသည့် အချိန်ကာလမျိုး ကျွန်ုပ်တို့အားလုံးမှာ ရှိခဲ့ဖူးကြသည်။ သို့သော် အချိန်ကျလာသည့်အခါ အမှန်တကယ် ဖြစ်ပျက်လာမှုသည် ကျွန်ုပ်တို့စိတ်ကူးထားခဲ့သည်နှင့် အလွန်အမင်း ကွဲလွဲနေတော့သည်။ ဓမ္မသစ်စာရေးသူတို့အတွက်လည်း ဤသဘောသည် ပုံစံအမျိုးမျိုးဖြင့် မှန်ကန်နေခဲ့ပါသည်။ ပထမရာစုတွင် သက်ရှင်နေထိုင်ခဲ့ကြသည့် ဂျူးလူမျိုးထု အများစု၌ ဘုရားသခင့်နိုင်ငံတော်၏ အောင်မြင်ခြင်း မည်သို့ရောက်ရှိလာမည် ဆိုသည်နှင့် စပ်လျဉ်း၍ ခိုင်မာသော မျှော်လင့်ရာများ ရှိခဲ့ကြသည်။ သို့သော် ယေရှု၏ အစောပိုင်းနောက်လိုက်များက ၎င်းသည် သူတို့စိတ်ကူးထားခဲ့ပြီးသည့် ပုံစံဖြင့် ရောက်လာမည်မဟုတ်ကြောင်း တဖြည်းဖြည်း သင်ယူလာခဲ့ကြသည်။ ထို့ကြောင့် အဖုံဖုံသောနည်းလမ်းများအားဖြင့် နိုင်ငံတော်၏ အောင်မြင်ခြင်းသည် အမှန်တကယ်ရောက်ရှိလာမည် ဖြစ်ကြောင်း ရှင်းပြရန် ဓမ္မသစ်ဓမ္မပညာကို ရည်စူးအပ်နှံထားခဲ့ရသည်။

နိုင်ငံတော်ရောက်ရှိလာခြင်းက ဓမ္မသစ် ဓမ္မပညာအပေါ် မည်သို့သြဇာလွှမ်းမိုးနေသည်ကို သိနားလည်ရန် ပထမဦးစွာ ဘုရားသခင့်နိုင်ငံတော် ရောက်ရှိလာခြင်းအတွက် မျှော်လင့်ရာတို့ကို ဦးစွာ ကျွန်ုပ်တို့ ကိုင်တွယ်ကြပါမည်။ ထို့နောက် နိုင်ငံတော်၏ သုံးထပ်ကွမ်းအောင်မြင်ခြင်းဟု ကျွန်ုပ်တို့ခေါ်ဆိုသည့်အရာအပေါ် ဓမ္မသစ်၏ အမြင်ရှုထောင့်တို့ကို ကျွန်ုပ်တို့လေ့လာကြပါမည်။ နိုင်ငံတော်ရောက်လာခြင်းအတွက် မျှော်လင့်ရာတို့ကို ဦးစွာ ပထမ စဉ်းစားကြပါစို့။

## မျှော်လင့်ရာများ

အေဒီ ပထမရာစုတွင် ဂျူးလူမျိုး အားလုံးသည် မိမိတို့ ဘိုးဘေးများ၏ ယုံကြည်ခြင်းအပေါ် ဆက်ကပ်အပ်နှံမှု အနည်းငယ်မျှသာရှိသူများ ဖြစ်နေသည့်တိုင် ရောက်ရှိလာမည့် ဘုရားသခင့်နိုင်ငံတော်၏ အောင်မြင်ခြင်းကို မျှော်လင့်တမ်းတနေခဲ့ကြသည်။ ဘုရားသခင်သည် သူတို့၏ ရန်သူတို့အပေါ် အနိုင်ယူပြီး ကိုယ်တော်၏ လူမျိုးတော်ကို သူ၏ နိုင်ငံတော်ကောင်းချီးများထဲသို့

ခေါ်သွင်းမည့်အကြောင်း သူတို့အားလုံး မျှော်လင့်ချက်ထားခဲ့ကြသည်။ ဤသဘောသည် ယေရှု၏ နောက်လိုက်များအတွက်လည်း မှန်ကန်မှု ရှိခဲ့သည်။ သို့သော် ဘုရားသခင်၏ ရောက်ရှိလာမည့် အောင်မြင်သော နိုင်ငံတော်အပေါ် သူတို့ မည်သည့်ပုံစံ၊ မည်သည့်အချိန် မျှော်လင့်ထားသည်တို့နှင့် စပ်လျဉ်း၍မူ သိသာထင်ရှားသော ကွဲလွဲချက်အချို့ရှိနေခဲ့သည်။

တဖက်တွင် ရဗ္ဗိုင်များနှင့် ဣသရေလတိုင်းရှိ အခြားသောခေါင်းဆောင်ပိုင်းတို့က ဘုရားသခင့်နိုင်ငံတော် အဆုံးသတ် အောင်မြင်ခြင်းရောက်လာမည့်အကြောင်း ပို့ချကြသည့်အခါ "နောက်ဆုံးသောကာလ" နှင့် "ဘုရားသခင်၏ နေ့ရက်" ကဲ့သို့သော ရင်းနှီးပြီးဖြစ်သည့် ဓမ္မဟောင်း ဝေါဟာရတို့ကို သူတို့ ရည်ညွှန်းခဲ့ကြသည်။ သို့သော် သမိုင်းကြောင်း၏ ကြီးကျယ်သော ခေတ်ကာလနှစ်ခုအကြောင်းကိုလည်း သူတို့ပြောဆိုခဲ့ကြသည်။ ရဗ္ဗိုင်တို့သည် အပြစ်၊ ဆင်းရဲဒုက္ခနှင့် သေခြင်းတို့ ရှိနေသော ပစ္စုပ္ပန်ကာလကို ဟေဗြဲလို *အိုလမ် ဟာဇက်* "ယခုဘဝ" ဟုရည်ညွှန်းခဲ့ကြပြီး ကျွန်ခံရာကာလပြီးဆုံးသည့်နောက် ပေါ်လာမည့် ဖြောင့်မတ်ခြင်း၊ ချစ်ခြင်းမေတ္တာ၊ ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းနှင့် ယှဉ်သော အနာဂတ်ကာလကိုမူ ဟေဗြဲစကား *အိုလမ် ဟာဗအ် "*နောင်ဘဝ" ဟူ၍ မကြာခဏ ရည်ညွှန်းကိုးကားခဲ့ကြသည်။

"ယခုဘဝ" သည်ကတိတော်နယ်မြေမှ ဣသရေလတို့ ကျွန်ခံရာကျိန်ခြင်းဘဝထဲရောက်သွားချိန်၌ အနိမ့်ဆုံးဖြစ်ခဲ့ကြောင်း သူတို့ သွန်သင်ခဲ့ကြသည်။ ယခုဘဝအပေါ် ဘုရားသခင် ပိုင်သအုပ်စိုးနေခဲ့သည်မှာ မှန်ပါသည်။ ထူးခြားသောပုံစံများဖြင့် တစ်ချိန်ပြီးတစ်ချိန် သူ၏ ရှင်ဘုရင်အဖြစ်အုပ်စိုးမှုကို ဖွင့်လှစ်ဖော်ပြခြင်း၊ သရုပ်ပြထင်ရှားခြင်းများ ပြခဲ့ပါသည်။ သို့သော် အေဒီပထမရာစုနှစ်အရောက်တွင် ဘုရားသခင့်လူတို့သည် ဘုရားသခင့်နိုင်ငံတော် ကောင်းချီးများမှ ကင်းကွာ၍ နှစ်ပေါင်း ရာချီကာ ဖိနှိပ်ညှင်းဆဲခံခဲ့ကြရပြီး ဖြစ်သည်။ "နောင်ဘဝ"တွင် ဘုရားသခင့်ရန်သူတို့သည် လုံးလုံးလျားလျားရှုံးနိမ့်၍ မြေကြီးပေါ်မှ အပြီးအပိုင်သုတ်သင်ပယ်ရှင်းခံကြမည် ဆိုသည့်မျှော်လင့်ရာသည်လည်း နေရာ အနှံ့အပြားရှိနေခဲ့သည်။ ထို့နောက် ဘုရားသခင့်လူတို့သည်လည်း ကိုယ်တော်၏ ကမ္ဘာလုံးဆိုင်ရာ အတိုင်းအဆမရှိသော နိုင်ငံတော်ကောင်းချီးမင်္ဂလာများထဲ ထာဝရ ပို့ဆောင်ခေါ်သွင်းခြင်းခံကြရမည်ဖြစ်သည်။

> သမ္မာကျမ်းစာပေနှင့် သမ္မာကျမ်းအကြောင်း ဆွေးနွေးချက်တို့တွင်လည်း "ယခုဘဝ" နှင့် "နောင်ဘဝ" ဟူသည့် ဝေါဟာရများကို တခါတရံ ကျွန်ုပ်တို့ တွေ့ရ၊ ကြုံရတတ်သည်။ အဆိုပါဝေါဟာရတို့၏ အဓိပ္ပာယ်ကို အောက်ပါအတိုင်း ဖွင့်ဆိုနိုင်ပါသည်။ "ယခုဘဝ" ဆိုသည်မှာ ကျရှုံးပြီးချိန်မှအစပြုခဲ့သောခေတ်၊ ကာလ၊ အချိန် ဖြစ်သည်။ ထိုခေတ်ကာလထဲတွင် လူသားမျိုးနွယ် အသက်ရှင်နေရသည်။ ၎င်းသည် ကျရှုံးသွားသောလောကထဲ၌ ရှင်သန်နေရသည့်ဘဝဖြစ်သည်။ ဓမ္မဟောင်း ပရောဖက်များ မျှော်လင့်ထားခဲ့ကြသည့် "နောင်ဘဝ" ဆိုသည်မှာ ပရဒိသုဘုံကို ပုံစံတမျိုးမျိုးဖြင့် ဘုရားသခင်က ပြန်လည်ထူထောင်ပြဋ္ဌာန်းမည့် အချိန်ကာလ ဖြစ်သည်။ လူသားတို့အကြား ရက်စက်ကြမ်းကြုတ်မှုများရှိတော့မည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မဟုတ်သလို တိရစ္ဆာန်တို့၏ လောကဥ္စပင်လျှင် ရက်စက်ကြမ်းကြုတ်မှုဟူသည် ရှိတော့မည်မဟုတ်ပါ။

**ဒေါက်တာ Eckhard J. Schnabel**

"ယခုဘဝ" မှ "နောင်ဘဝ" သို့ မကူးပြောင်းမီ ဘာတွေ ဖြစ်လာမည်ဆိုသည်နှင့် စပ်လျဉ်း၍ ပထမရာစုနှစ် ဂျူးဂိုဏ်းဂဏအမျိုးမျိုးတို့အကြား မတူကွဲပြားသော အမြင်များ ရှိခဲ့ကြသည်။ သို့သော် ဂိုဏ်းအများစုက ယခုဘဝရှုံးနိမ့်ရာမှ ဘုရားသခင်၏ အောင်မြင်သောနိုင်ငံတော်နှင့်ယှဉ်သော နောင်ဘဝသို့ ကူးပြောင်းခြင်းသည် အလွန်ကြီးမားသည့်စစ်ပွဲကြီးအားဖြင့် ဖြစ်ပေါ်မည်ဟု သဘောညီထားခဲ့ကြသည်။ ဒါဝိဒ်နန်းဆက်၏ အမွေခံဖြစ်သော မေရှိယကယ်တင်ရှင်သည် ကောင်းကင်ဘုံမှ ကောင်းကင်တမန်တို့နှင့် ဘုရားသခင်၏ သစ္စာရှိသောလူတို့အား ဘုရားသခင်၏ လူသားရန်နှင့် ဝိညာဉ်ရန်အပေါင်းတို့အပေါ် အောင်မြင်မှုထဲသို့ ဦးဆောင်ခေါ်သွင်းမည့်အကြောင်း သူတို့ ယုံကြည်ထားခဲ့ကြသည်။

ဘုရားသခင်သည် လူသားရန်ကိုသာမက ဝိညာဉ်ရန်အပေါင်းတို့အပေါ်မှာပါ အောင်မြင်မည့်အပေါ် ယုံကြည်မှုအား ဓမ္မဟောင်းကျမ်းတလျှောက်လုံး၌ ထောက်ခံအားပေးထားသည်။ ဥပမာအားဖြင့် အဲဂုတ္တုလူတို့ကိုသာမက အဲဂုတ္တုလူတို့ကိုးကွယ်သော ဘုရားများကိုပါ အနိုင်ယူမည့်အကြောင်း ထွက်မြောက်ရာ ၁၂း၁၂တွင် ဘုရားသခင်ပြောဆိုထားခဲ့သည်။ ၁ဓမ္မ ၅း၁-၁၂တွင်လည်း ဘုရားသခင်သည် ဖိလိတ္တိလူတို့နှင့် စစ်တိုက်တော်မူခဲ့ပြီး ၎င်းတို့၏ ဘုရား ဒါဂုန်ကိုပါ အနိုင်ယူခဲ့သည်။ ထိုအကြောင်းကြောင့်ပင် ဟေရှာယ ၂၁း၉၌ ဗာဗုလုန်မြို့၏ ပြိုလဲခြင်းနှင့် ဗာဗုလုန်ဘုရားတို့၏ ကျိုးပဲ့ခြင်းတို့ကို တွဲဖက်ထားခြင်းဖြစ်သည်။

ဂျူးတို့၏ နောက်ဆုံးသောကာလဆိုင်ရာစာပေများတွင် ဟဂ္ဂဲ ၂း၆-၉၊ ဇာခရိ အခန်းကြီး ၉-၁၂နှင့် ယေဇကျေ အခန်းကြီး ၃၈-၃၉တို့လို ကျမ်းချက်များအား တိုင်းနိုင်ငံများနှင့် ၎င်းတို့အပေါ် အုပ်စိုးခဲ့သော နတ်ဝိညာဉ်ဆိုးများအပေါ် ကယ်တင်ရှင်မေရှိယက ဘုရားသခင့်တပ်တော်ဖြင့် ဦးဆောင်ပြီး အနိုင်ယူရာ၌ ဖြစ်ပျက်သည့် ကြီးကျယ်သော ကမ္ဘာလုံးဆိုင်ရာစစ်ပွဲကြီးအကြောင်း ပရောဖက်ပြုချက်များအဖြစ် အနက်ပြန်လေ့ရှိခဲ့ကြသည်။ ထိုနည်းအားဖြင့် မေရှိယသည် ဘုရားသခင့် ရန်သူအပေါင်းကို အောင်မြင်၍ဘုရားသခင့်လူအပေါင်းတို့ကို ဘုန်းနှင့်ပြည့်စုံသော ကမ္ဘာလုံးဆိုင်ရာ သူ၏ နိုင်ငံတော်ထဲသို့ ပို့ဆောင်ခေါ်သွင်းတော်မူမည် ဖြစ်သည်။

အခြားတဖက်တွင်လည်း အဆိုပါဂျူးအမြင်ရှုထောင့်တို့ နေရာအနှံ့ပျံ့နေသလောက် ယေရှု၏ နောက်လိုက်တို့ကလည်း ဘုရားနိုင်ငံတော်အတွက် အောင်မြင်ခြင်းရောက်ရှိလာမှုအပေါ် ကွဲပြားစွာ စတင်မျှော်မှန်းလာခဲ့ကြသည်။ သူတို့နှင့် ခေတ်ပြိုင်ပုဂ္ဂိုလ်များကဲ့သို့ပင် ဓမ္မသစ်စာရေးသူတို့သည် သမိုင်းကို ခေတ်ကာလကြီးနှစ်ခုအဖြစ် ပိုင်းခြား ယုံကြည်ထားခဲ့သည်။ ကယ်တင်ရှင် မေရှိယသည် ဘုရားသခင်၏ လူသားရန်နှင့် ဝိညာဉ်ရန်အပေါင်းကို အောင်မြင်၍ ဘုရားသခင်၏ ရွေးနှုတ်ခံလူတို့အား "ယခုဘဝ"ထဲမှ "နောင်ဘဝ"၏ ကောင်းချီးမင်္ဂလာများထဲသို့ ခေါ်သွင်းမည် ဆိုသည့်အပေါ်မှာလည်း သူတို့ သဘောညီထားခဲ့ကြသည်။ သို့ရာတွင် ယခုဘဝမှ နောင်ဘဝသို့ အကူးအပြောင်းသည် သူတို့ခေတ်ကာလ

ဂျူးအများစု ယုံကြည်ထားသည့်အတိုင်းမဟုတ်ဘဲ ဆန့်ကျင်ကွဲလွဲသည့် ပုံစံများဖြင့် ဖြစ်လာမည့်အကြောင်း ယေရှု၏နောက်လိုက်တို့ ယုံကြည်လာခဲ့ကြသည်။

ပထမအားဖြင့် ဂျူးအများစုနှင့်ခြားနားစွာပင် ဓမ္မသစ်စာရေးသူတို့က *ယေရှု* အား ကတိတော်အတိုင်းကြွလာသော မေရှိယ၊ ဘုရားသခင့်နိုင်ငံတော်အတွက် ကမ္ဘာလုံးဆိုင်ရာအောင်မြင်ခြင်းကို ဆောင်ယူပေးမည့် ဒါဝိဒ်၏ ရွေးကောက်ခံသားတော်အဖြစ် ယုံကြည်ထားခဲ့ကြသည်။ ယေရှုအပေါ် မေရှိယအဖြစ် ဤယုံကြည်အပ်နှံထားချက်ကလည်း ဓမ္မသစ်ကျမ်းထဲ သူတို့ရေးသမျှအရာရာအပေါ်၌ ပုံဖော်ပေးခဲ့သည်။

ယေရှု၏ မေရှိယဆိုင်ရာ ရှင်ဘုရင်အဖြစ်အုပ်စိုးမှုအပေါ် ဤသို့သော ဆက်ကပ်ရည်စူးမှုမျိုးကို ဓမ္မသစ်က သူ့အားပေးအပ်သည့် တော်ဝင်ဘွဲ့အမည်များ၌ ကျွန်ုပ်တို့ မြင်တွေ့နိုင်သည်။ ဥပမာအားဖြင့် ဓမ္မသစ်က ယေရှုအား "ခရစ်တော်" ဟူသော တော်ဝင်ဘွဲ့ဖြင့် အကြိမ်ပေါင်း ၅၂၉ ကြိမ်ခန့် ရည်ညွှန်းခေါ်ဆိုထားသည်။ *ခရစ်တို့စ် ဟူ*သော ဟေလသစကားကို ဓမ္မဟောင်းဟေဗြဲစကား *မက်ရှီးယက်အ်* မှ ပြန်ဆိုရရှိသည်။ ၎င်းမှတဆင့် မေရှိယ ဟူသော ကျွန်ုပ်တို့ဝေါဟာရ ဆင်းသက်လာသည်။ ပင်ကိုယ်အားဖြင့် အဆိုပါဝေါဟာရတို့သည် "ဘိသိတ်ပေးခြင်းကို ခံရသောသူ"ဟူ၍သာ အဓိပ္ပာယ်ရနေခဲ့သည်။ ဓမ္မဟောင်းကာလတို့၌ ပရောဖက်များ၊ ယဇ်ပုရောဟိတ်များနှင့် ရှင်ဘုရင်များသည် ဣသရေလတိုင်းအတွင်း သီးသန့်ဘိသိတ်ပေးပြီး ခန့်အပ်ရသော ဌာနန္တရများ ဖြစ်ကြသည်။ သို့သော် ဓမ္မသစ်ကာလရောက်ရှိလာချိန်တွင် "ဘိသိတ်ပေးခြင်းခံရသောသူ" (ဝါ) "မေရှိယ" ဟူသောဝေါဟာရသည် နောင်ဘဝသို့ အကူးအပြောင်းအား ဆောင်ယူပေးမည့် ကြီးမြတ်သောဒါဝိဒ်မင်းမျိုးဟူသည့် အဓိပ္ပာယ်နှင့် လုံးဝနီးနီး တူညီနေခဲ့တော့သည်။

ဓမ္မသစ်က ယေရှုကို သိမှတ်ခေါ်ဝေါ်သည့် ဒုတိယမြောက် ဘွဲ့အမည်မှာ "ဘုရားသခင်၏ သားတော်"ဟူ၍ ဖြစ်သည်။ ဤဖော်ပြချက် သို့မဟုတ် "သားတော်" "အမြင့်ဆုံးသောဘုရား၏ သားတော်" ဟူသော ပြောင်းလဲခေါ်ဆိုချက်များကို ဓမ္မသစ်တွင် ၁၁၈ ကြိမ်ခန့် တွေ့ရသည်။ ဤအခေါ်အဝေါ်က ယေရှုသည် ဣသရေလ၏ ဖြောင့်မှန်သောရှင်ဘုရင် ဖြစ်ကြောင်း ညွှန်ပြနေခဲ့သည်။ ယေရှုအား နာသနေလက ခေါ်ဝေါ်ဖော်ပြရာ ယောဟန် ၁း၄၉ကို ကြည့်ကြပါစို့။

> ကိုယ်တော်သည် ဘုရားသခင်၏ သားတော် ဖြစ်တော်မူ၏။ ကိုယ်တော်သည် ဣသရေလတို့၏ ရှင်ဘုရင်လည်း ဖြစ်တော်မူ၏ (ယောဟန် ၁း၄၉)။

မဿဲ ၁၆း၁၆တွင် ရှင်ပေတရုက ယေရှု၌ သူ၏ ယုံကြည်ခြင်းကို ဝန်ခံချိန်တွင် ဤသို့ရေးထားခဲ့သည်။

> ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော် ဖြစ်တော်မူသည် (မဿဲ ၁၆း၁၆)။

ဤဖော်ပြချက်သည် "ဒါဝိဒ်၏ သားတော်" ဟူသော ယေရှုအတွက် သတ်မှတ်သည့် တတိယမြောက် တော်ဝင်ဘွဲ့အမည်နှင့် တူညီသည်။ မဿဲ၊ မာကု၊ လုကာ ခရစ်ဝင်ကျမ်းတို့တွင်

အဆိုပါဘွဲ့အမည်ကို အနည်းဆုံး အကြိမ် ၂၀ ခန့်တွေ့ရပြီး ဒါဝိဒ်၏ ပလ္လင်အတွက် ဘုရားသခင်ခန့်အပ်သော မှန်ကန်သည့်အမွေခံအဖြစ်ဖြင့် ရည်ညွှန်းထားကြောင်း ကျွန်ုပ်တို့တွေ့ရသည်။

ဥပမာအားဖြင့် လုကာ ၁း၃၂-၃၃တွင် ကောင်းကင်တမန် ဂါဗြေလက မာရိ၌ ပဋိသန္ဓေစွဲယူကြောင်း ကြေညာသည့်အခါ အောက်ပါအတိုင်း ပြောဆိုခဲ့သည်။

> ထိုသားသည်ကား ကြီးမြတ်သောသူ ဖြစ်လိမ့်မည်။ အမြင့်ဆုံးသော ဘုရား၏ သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်။ သူ့အဘ ဒါဝိဒ်၏ ရာဇ ပလ္လင်ကို ထာဝရ အရှင် ဘုရားသခင်သည် သူ့အားပေးတော်မူမည် (လုကာ ၁း၃၂-၃၃)။

ဤနေရာတွင် ဂါဗြေလက ယေရှုအား "အမြင့်ဆုံးသောဘုရား၏ သားတော်" ဟူသောတော်ဝင်ဘွဲ့အမည်ဖြင့် ခေါ်ဆိုထားခဲ့သည်။ ထို့နောက် သူက ယေရှုသည် "သူ၏ အဘဒါဝိဒ်၏ပလ္လင်" ပေါ်တွင် ထိုင်တော်မူမည်ဖြစ်ကြောင်း ရှင်းပြထားခဲ့သည်။ ရှင်လုကာက ယေရှုသည် "အစဉ်မပြတ်အုပ်စိုးလိမ့်မည်။ သူ၏ နိုင်ငံသည်လည်း ဆုံးခြင်းမရှိရ" ဟု မှတ်တမ်းတင်ထားခဲ့သည်။ အမြင့်ဆုံးသော ဘုရား၏ သားတော်အဖြစ်ဖြင့် ယေရှုသည် ဘုရားသခင့်နိုင်ငံတော်၏ ဆုံးခြင်းမရှိသော၊ အပြီးသတ်အောင်မြင်မှုကို ဆောင်ယူလာပေးမည့်သူပင် ဖြစ်တော့သည်။

အဆိုပါ ကျမ်းပိုဒ်အားလုံးတို့က ဓမ္မသစ်ဓမ္မပညာထဲက အရေးကြီးသော သွန်သင်ချက်တစ်ခုကို ညွှန်ပြနေကြသည်။ ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်အား ၎င်း၏ပြည့်ဝစုံလင်မှုရှိသမျှအတိုင်း မြေကြီးပေါ်သို့ ယူဆောင်လာပေးမည့် ကယ်တင်ရှင်မေရှိယပင်ဖြစ်သည်။

ဒုတိယအားဖြင့် ယေရှု၏ ကနဦးနောက်လိုက်တို့သည် သူတို့နှင့် အခြားသူများ မမျှော်လင့်ထားခဲ့ကြသောပုံစံများဖြင့် ယခုဘဝမှ နောင်ဘဝသို့ ကူးပြောင်းမှုကို ကိုယ်တော်ဖြစ်ပေါ်စေလိမ့်မည်ဖြစ်ကြောင်း ယုံကြည်ထားခဲ့ကြသည်။

ဘုရားသခင်၏ နိုင်ငံတော်အတွက် မျှော်လင့်ရာများ၌ ဤသို့သော အပြောင်းအလဲဖြစ်သွားကြောင်း မဿဲ ၁၃း၃၁-၃၂ တွင် ယေရှုဖွင့်ပြထားပုံကို နားထောင်ကြည့်ပါ။

> "ကောင်းကင်နိုင်ငံတော်သည် လယ်၌စိုက်သော မုန်ညင်းစေ့နှင့်တူ၏။ မုန်ညင်းစေ့သည် အစေ့တကာထက်ငယ်သော်လည်း ကြီးပွားသောအခါ မြက်ပင်တကာတို့ထက် ကြီးသဖြင့် မိုးကောင်းကင်ငှက်တို့သည် လာ၍ အကိုင်းအခက်တို့၌ နားနေမှီခိုလောက်သော အပင်ဖြစ်တတ်သည်ဟု မိန့်တော်မူ၏" (မဿဲ ၁၃း၃၁-၃၂)။

ဤပုံဥပမာထဲတွင် ယေရှုက "အချိန်အတိုင်းအတာ တစ်ခုထိ ရှင်သန်ကြီးပွားပြီး" ထို့နောက်တွင် အဆုံးသတ်ပြည့်စုံခြင်းသို့ ရောက်သည့် မုန်ညင်းစေ့နည်းတူ ဘုရားသခင်၏ အောင်မြင်သော နိုင်ငံတော်သည်လည်း သေးငယ်သောအရာဖြင့် အစပြုလိမ့်မည်ဖြစ်ကြောင်း သွန်သင်ထားခဲ့သည်။

ခေတ်သစ်ဓမ္မပညာရှင်တို့က ဘုရားသခင်၏ မေရှိယနိုင်ငံတော်ရောက်ရှိလာခြင်းအပေါ် ယေရှု၏ အမြင်ရှုထောင့်ကို "အစပြုပြီးသော နောက်ဆုံးသောကာလ" ဟု ခေါ်ဆိုမြဲရှိကြသည်။ ဤစကားစုက မေရှိယ၏ အမှုတော်သည် မြေကြီးပေါ်မှာ အစပြုခဲ့ပြီးဖြစ်ကြောင်း၊ သို့သော် အဆုံးသတ်အောင်မြင်မှုရောက်လာဖို့ ကျန်ရှိနေဆဲဖြစ်သည်ဆိုသည့် ယူဆချက်ကို ရည်ညွှန်းသည်။ ၎င်းအား "ပြုနှင့်ပြီ-မပြီးသေး"အနေဖြင့်လည်း သူတို့ပြောဆိုကြသည်။ တနည်းဆိုရလျှင် ဘုရားသခင့်နိုင်ငံတော်၏ အောင်မြင်မှုသည် ရောက်ရှိလာခဲ့ပြီးပြီဖြစ်သည်။ သို့ရာတွင် စုံလင်ပြည့်ဝခြင်းအဖြစ်သို့ မရောက်ရှိသေးပေ။ ရောက်ရှိလာသည့် ဘုရားသခင့်နိုင်ငံတော်၏ အောင်မြင်ခြင်းအပေါ် ဤရှုထောင့်အမြင်သည် ဓမ္မသစ်ဓမ္မပညာဆိုင်ရာ ထိုးထွင်းအမြင်များစွာကို ပေးကမ်းသည်။

> ဘုရားသခင့်နိုင်ငံတော်ကို ယေရှုကြေညာသည့်အချိန်၌ ဘုရားသခင့်နိုင်ငံတော်နှင့် ဆက်နွယ်နေသော အကြီးဆုံးမေးခွန်းတစ်ခုမှာ ၎င်းသည် ပစ္စုပ္ပန်မှန်ကန်မှုတစ်ခု ဖြစ်ပါသလား ဟူ၍ ဖြစ်သည်။ ၎င်းသည် ကိုယ်တော်၏ စကားတော်များ၊ ပြုမူဆောင်ရွက်ချက်များအားဖြင့် ရောက်ရှိလာခဲ့ပြီး ဖြစ်ပါသလား သို့တည်းမဟုတ် အနာဂတ်တွင်သာ မျက်မြင်ထင်ရှားဖြစ်တည်လာမည့် အရာဖြစ်ပါသလား။ ကောင်းပါပြီ။ ဓမ္မပညာရှင်တို့က "အစပြုပြီးသော ဘုရားသခင့်နိုင်ငံတော်"အကြောင်းကို ပြောထားကြပါသည်။ "အစပြုပြီးသော" ဆိုသည့်အဓိပ္ပာယ်မှာ ပစ္စုပ္ပန်နှင့် အနာဂတ် နှစ်ခုလုံး ကိုဆိုလိုပါသည်။ နိုင်ငံတော်အကြောင်း ယေရှု ကြေညာထားပါသည်။ နိုင်ငံတော်သည် သူ၏ စကားများ၊ ပြုမူဆောင်ရွက်ချက်များအားဖြင့် ရောက်လာနေပါသည်။ အထူးသဖြင့် ကားတိုင်ပေါ်တွင် သူ၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းတို့အားဖြင့် ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်သည် အစပြုထားပြီဖြစ်ပါသည်။ သို့သော် အဆုံးသတ်ပြည့်စုံခြင်းသို့ မရောက်သေးပါ။ လုံးလုံးစုံလင်ပြည့်ဝသွားချိန်တွင် ၎င်းသည် မြေကြီးပေါ်သို့အပြည့်အဝရောက်လာပြီး ကျွန်ုပ်တို့သည်လည်း မိမိတို့၏ ဘုန်းနှင့်ပြည့်ဝသောခန္ဓာကိုယ်များကို ရရှိ၍ ဘုရားသခင်နှင့် ထာဝရ ဆက်နွယ်မှုထဲသို့ ဝင်ရောက်ကြမည်ဖြစ်ပါသည်။ သို့ဖြစ်၍ အချိန်ကာလနှစ်ခုအကြားတွင် ကျွန်ုပ်တို့ ရှင်သန်နေကြသည်။ နိုင်ငံတော်အစပြုပြီးချိန်နှင့် အဆုံးသတ်ပြီးပြည့်စုံချိန်တို့အကြားတွင် ဖြစ်သည်။ လက်ရှိခန္ဓာကိုယ်များ၌ ကျွန်ုပ်တို့အသက်ရှင်နေရဆဲ ဖြစ်ပါသည်။ ကျရှုံးပြီးသော ဤလောကကြီးထဲ ကျွန်ုပ်တို့ အသက်ရှင်နေရဆဲ ဖြစ်ပါသည်။ သို့သော် ခရစ်တော်သည် ခမည်းတော်၏ လက်ျာဘက်တွင် အုပ်စိုးနေပြီဖြစ်ရကား နိုင်ငံတော်သည် ရောက်ရှိလာခဲ့ပြီး ဖြစ်ပေတော့သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများထဲ၌လည်း စိုးစံတော်မူနေပါသည်။ ထို့ကြောင့် နိုင်ငံတော်သည် ရောက်ရှိလာပြီးဖြစ်ပါသည်။ ၎င်းသည် ရောက်ထား *နှင့်ပြီ*



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်ပါသည်။ သို့သော် ၎င်းသည် အနာဂတ်မှာ ရှိပါသေးသည်။ ၎င်းသည် "မပြီးသေး" ဟူသောအဖြစ်၌ ရှိနေဆဲလည်း ဖြစ်ပါသည်။

**ဒေါက်တာ Mark L. Strauss**

ခြုံငုံဆိုရလျှင် ဘုရားသခင့်နိုင်ငံတော် ရောက်လာခြင်းအပေါ် သုံးထပ်ကွမ်း အောင်မြင်ခြင်းအဖြစ် ရှုမြင်ခြင်းသည် အထောက်အကူဖြစ်စေပါသည်။ ပထမအားဖြင့် အစပြုခြင်းအပိုင်း၌ ဘုရားသခင်သည် ယေရှု၏ အသက်တော်၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်တက်ကြွခြင်းတို့အားဖြင့်၎င်း၊ ကိုယ်တော်၏ ပထမရာစုနှစ်တမန်တော်များနှင့် ပရောဖက်များအားဖြင့်၎င်း နိုင်ငံတော်၏ အောင်မြင်ခြင်းကို အစပြုထားခဲ့သည်။ ဤသည်၏နောက် ဆက်လက်ဖြစ်တည်မှုအပိုင်း၌ ယေရှုသည် ကောင်းကင်ဘုံရှိ သူ၏ ပလ္လင်တော်မှနေ၍ ဘုရားသခင့်နိုင်ငံတော်၏ အောင်မြင်ခြင်းကို ရှေ့သို့တိုးတက်သွားစေခဲ့သည်။ ထို့နောက် ယေရှုသည် အသင်းတော်သမိုင်းတလျှောက် နိုင်ငံတော်ကို ဆက်လက် ထောက်ပံ့အကျိုးပြုသွားမည်ဖြစ်သည်။ ထိုသို့ဖြင့် နောက်ဆုံး၌ ဘုန်းတော်နှင့်တကွ ယေရှု ပြန်ကြွလာချိန်တွင် နိုင်ငံတော်ကို အပြီးသတ် စုံလင်ပြည့်ဝစေလိမ့်မည် ဖြစ်သည်။ ဆိုးညစ်မှု ရှိသမျှကို ဖျက်ဆီးသုတ်သင်မည့်အချိန်၊ ဘုရားသခင့် နိုင်ငံတော်သည် ကမ္ဘာမြေကြီးပေါ်က နေရာရှိသမျှသို့ တိုးချဲ့ပျံ့နှံ့မည့်အချိန် ရောက်သောအခါ ဤအရာသည် ဘုရားသခင့်နိုင်ငံတော်၏ အဆုံးသတ်အောင်မြင်မှုပင် ဖြစ်တော့သည်။

ဓမ္မသစ်စာရေးသူများက ဓမ္မပညာအရေးကိစ္စ အတန်းအစား အဖုံဖုံကို ရှင်းပြရန် မိမိတို့ကိုယ်မိမိတို့ ရည်စူးမြုပ်နှံထားခဲ့စဉ်မှာပင် ယေရှု၏ မေရှိယဆိုင်ရာ အမှုတော်ကို အဆင့်သုံးဆင့်အနေဖြင့် အဓိကထား ရှင်းပြနိုင်ရန်အတွက်လည်း အလားတူပြုခဲ့ကြသည်။

ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြပြီးသလို နိုင်ငံတော် ရောက်ရှိလာခြင်းသည် ပထမရာစုနှစ် ယေရှုနောက်လိုက်တို့၏ မျှော်လင့်ရာတို့ကို အပြောင်းအလဲ ဖြစ်သွားစေခဲ့သည်။ ယခု ဓမ္မသစ်ဓမ္မပညာထဲ၌ မရှိမဖြစ်အရေးကြီးသောကဏ္ဍအဖြစ် ယုံကြည်စွဲကိုင်ထားသော ဘုရားသခင့် နိုင်ငံတော်၏ သုံးထပ်ကွမ်း အောင်မြင်ခြင်းအကြောင်းကို လေ့လာကြပါစို့။

## သုံးထပ်ကွမ်းအောင်မြင်ခြင်း

ဘုရားသခင့်နိုင်ငံတော်အောင်မြင်ခြင်းသည် အစပြုဖွင့်လှစ်ခြင်း၊ အလျင်မပြတ် ဆက်လက်ဖြစ်ပေါ်ခြင်း၊ ယေရှု၏ မေရှိယအမှုတော် အဆုံးသတ်ပြီးပြည့်ပြီးစုံခြင်းတို့အားဖြင့် ရောက်လာသည် ဆိုသည့်အချက်သည် ကနဦးအသင်းတော်ကာလ၌ မေးခွန်းအမျိုးမျိုးပေါ်ထွက်လာစေခဲ့သည်။ ယေရှုသည် မည်သည်တို့ကို ပြီးစီးဆောင်ရွက်ပြီးစီးခဲ့နှင့်ပြီးဖြစ်ပါသနည်း။ အသင်းတော်သမိုင်းကာလတွင် မည်သည်တို့ကို သူ ဆက်လက်လုပ်ဆောင်ပြီးစီးရပါဦးမည်နည်း။ သူပြန်ကြွလာသည့်အခါ မည်သည်တို့ကို လုပ်ဆောင်ပါလိမ့်မည်နည်း။ အဆိုပါ မေးခွန်းများသည် ပထမရာစုနှစ်၌ အလွန်အရေးကြီးခဲ့ရကား ၎င်းတို့သည် ဓမ္မသစ်၏ ဓမ္မပညာအား အကြီးအကျယ်ပုံဖော်ထုဆစ်ခဲ့ကြသည်။ ဘုရားသခင့် ရန်သူတို့၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှုံးနိမ့်ခြင်းနှင့် ဘုရားသခင့်လူတို့၏ လွတ်မြောက်ခြင်းတို့သည် ခရစ်တော် ပထမကြွလာစဉ်အချိန်ကပင် အစပြုခဲ့နှင့်ပြီးဖြစ်သည် ဆိုသည့်အချက်ပေါ်တွင် ဓမ္မသစ်စာရေးသူတို့ အခြေပြုမှီခိုထားခဲ့ကြသည်။ အဆိုပါအဖြစ်အပျက်တို့သည် အသင်းတော်သမိုင်းတလျှောက် ဆက်လက်ဖြစ်ပေါ် ပြီး ခရစ်တော်သည် အောင်မြင်လျက် ဒုတိယကြွလာချိန်တွင် ပြည့်စုံခြင်းသို့ အဆုံးသတ်ရောက်ရှိလိမ့်မည် ဖြစ်သည်။

ဤသုံးထပ်ကွမ်း အောင်မြင်ခြင်းက ဓမ္မသစ်ဓမ္မပညာကို ပုံသွင်းထုဆစ်သည့် နည်းလမ်းအချို့ကို ပြည့်ဝန်ရန်အတွက်သာ အချိန်လုံလောက်ပါလိမ့်မည်။ သို့သော် မျက်နှာစာ နှစ်ဖက်မှ လေ့လာရန်အတွက် ၎င်းက အထောက်အကူ ဖြစ်စေပါလိမ့်မည်။ ပထမဦးစွာ နိုင်ငံတော်၏ အဆင့်သုံးဆင့်အတွင်း ဘုရားသခင့်ရန်သူတို့၏ ရှုံးနိမ့်ခြင်းကို ဓမ္မသစ်က မည်သို့ ရှင်းပြခဲ့ကြောင်း ကျွန်ုပ်တို့ မှတ်သားထားကြပါမည်။ ထို့နောက် အဆိုပါ အဆင့်သုံးဆင့်စလုံး၌ ဘုရားသခင့်လူတို့၏ လွတ်မြောက်ခြင်း အပေါ် ဓမ္မသစ်၏ သွန်သင်ချက်များကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ဘုရားသခင့် ရန်သူများ၏ ရှုံးနိမ့်မှုကို ရှေးဦးစွာ လေ့လာကြပါစို့။

## ရှုံးနိမ့်ခြင်း

မယုံကြည်သောဂျူးများက မေရှိယသည် ဘုရားသခင်၏ လူသားရန်၊ ဝိညာဉ်ရန်အပေါင်းတို့ကို အောင်မြင်မည်ဖြစ်ကြောင်း ယုံကြည်စွဲကိုင်ထားခဲ့ကြသည်။ ဓမ္မသစ်စာရေးသူတို့သည်လည်း အလားတူ ယုံကြည်ထားခဲ့ကြသည်။ သို့သော် ယေရှုသည် သူ၏နိုင်ငံတော်အဆင့်များအလိုက် လျော်ကန်သင့်မြတ်သောပုံစံများဖြင့် ဤအရာကို လုပ်ဆောင်မည်ဖြစ်သည်ကိုလည်း သူတို့ နားလည်ထားခဲ့ကြသည်။

နိုင်ငံတော်ကို အစပြုဖွင့်လှစ်ရာတွင် ယေရှု၏ မဟာဗျူဟာသည် နှစ်ထပ်ကွမ်းဗျူဟာဖြစ်ကြောင်း ဓမ္မသစ် ဓမ္မပညာက အထူးပြုထားသည်။ တဖက်တွင် ဘုရားသခင့် ဝိညာဉ်ရန်အပေါင်းတို့အပေါ် ကိုယ်တော်က ဘုရားသခင်၏ ဒဏ်စီရင်ချက်ဖြင့် ဒဏ်ခတ်ခဲ့သည်။ သူ၏ အမှုတော်တလျှောက် ယေရှုသည် ဝိညာဉ်ဆိုးများအား တန်ခိုးအစွမ်း ပြနိုင်သောအခွင့်ရာထူးမှ မောင်းထုတ်သောအားဖြင့် ၎င်းတို့အား အစွမ်းသတ္တိမဲ့သွားစေခဲ့သည်။ သို့သော် အခြားတဖက်တွင်မူ ဘုရားသခင်၏ လူသားရန်သူတို့ထံ ဘုရားကရုဏာတော်ကို တိုးချဲ့ရောက်ရှိစေခဲ့သည်။ အမှန်ဆိုရလျှင် လူသားများအပေါ် ထားတော်မူသော ခရစ်တော်၏ သနားခြင်းကရုဏာ သည် သူတို့အတွက် ကောင်းချီးများစွာခံစားစရာ ဖြစ်စေခဲ့သည်။ ထို့ပြင် လူသား အစေခံများကို ဝိညာဉ်ဆိုးများထံမှ လုယူခြင်းအားဖြင့် ဝိညာဉ်ဆိုးများ၏ ရှုံးနိမ့်ခြင်းကို ပို၍ သေချာခိုင်မာစေခဲ့သည်။

ရှင်မဿဲ ၁၂း၂၈-၂၉တွင် ယေရှုကိုယ်တိုင် ဤမဟာဗျူဟာကို ရှင်းပြထားခဲ့သည်။ ယေရှုက

> ငါသည် ဘုရားသခင်၏ ဝိညာဉ်တော်ကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်သည်မှန်လျှင် အကယ်စင်စစ် သင်တို့၌ ဘုရားသခင်၏ နိုင်ငံတော် တည်ချိန်ရောက်လေပြီ။ သူရဲကို ရှေးဦးစွာ မချည်မနှောင်လျှင် အဘယ်သူသည် သူရဲအိမ်သို့ဝင်၍ သူ၏ ဥစ္စာကို လုယူနိုင်အံ့နည်း။ သူရဲကို ချည်နှောင်ပြီးမှ သူ၏ အိမ်ကို လုယူနိုင်၏ (မဿဲ ၁၂း၂၈-၂၉)။

"သူ၏ အိမ်ကို လုယူဖို့ရန်" ယေရှုသည် လာ၍ နတ်ဆိုးတို့ကို ချည်နှောင်ရသည် သို့မဟုတ် "သူ့ရဲကို ချည်နှောင်ရသည်"။ တနည်းဆိုရလျှင် ယေရှုသည် နတ်ဆိုးများကို မောင်းထုတ်၍ နတ်ဆိုးတို့၏ ထိန်းချုပ်မှုအောက်တွင် ရှိနေခဲ့သူတို့ကို လွှတ်ပေးခဲ့သည်။

ဤသို့သော နှစ်ထပ်ကွမ်း မဟာဗျူဟာကို ယောဟန် ၁၂း ၃၁-၃၂ ကဲ့သို့သော နေရာများတွင် တွေ့ရသည်။ ဤနေရာတွင် ယေရှုက

> ယခုတွင် ဤလောကသည် တရားစီရင်ခြင်းကို ခံရ၏။ ယခုတွင် ဤလောကကို အစိုးရသောမင်းသည် ပြင်သို့နှင်ထုတ်ခြင်းကို ခံရလိမ့်မည်။ ငါသည်လည်း မြေကြီးနှင့်ခွာ၍ မြှောက်ထားခြင်းကို ခံရလျှင် လူအပေါင်းတို့ကို ငါ့ထံသို့ ငါဆွဲမည် (ယော ၁၂း၃၁-၃၂)။

နိုင်ငံတော် အစပြုဖွင့်လှစ်ရာတွင် ဝိဉာဉ်ဆိုးများ သို့မဟုတ် "ဤလောကကို အစိုးရသောမင်း" တည်းဟူသော စာတန်ကို ယေရှုက နောက်တဖန် တိုက်ရိုက်တိုက်ခိုက်ခဲ့ပြန်သည်။ ကိုယ်တော်သည် သူ့အား နှင်ထုတ်ခဲ့ပြီး အစွမ်းတန်ခိုးမဲ့သွားစေခဲ့သည်။ သို့ရာတွင် စာတန်အပေါ် ထားရှိသော ဤရန်လိုကျူးကျော်မှုနှင့်တကွ လူသားမျိုးနွယ်ထံသို့လည်း ကယ်တင်ခြင်းကို ယေရှုပေးအပ်ခဲ့သည်။

> *ခရစ်စ်တပ် ဗစ်တာ* ဟုခေါ်ဆိုသည့် အောင်မြင်သော ခရစ်တော် အမြင်ရှုထောင့်သည် ကျွန်ုပ်တို့၏အပြစ်အတွက် အသေခံသူ၊ ကျွန်ုပ်တို့အပြစ်ပြေဖို့ရန် အစားထိုးခံယူသူ ခရစ်တော်ဖြစ်သည်ဆိုသည့် ရှုထောင့်အယူအဆနှင့် မည်သို့ သဘောညီညွတ်မှု၊ ဆက်နွယ်မှု ရှိနိုင်ပါမည်နည်းဟု တစ်ခါတစ်ရံ လူတို့ အံ့သြကြသည်။ ရှင်ယောဟန် ခရစ်ဝင်ကျမ်းထဲတွင် ယေရှုက တောတွင် မြွေကို မြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကိုခံရမည်အကြောင်း တတိယအကြိမ်မြောက် ပြောဆိုခဲ့သည်။ ယောဟန် အခန်းကြီး ၁၂ထဲတွင် ယေရှုက ထိုမြှောက်ထားခြင်းနှင့် "ယခုတွင် ဤလောကကို အစိုးရသောမင်းသည် ပြင်သို့နှင်ထုတ်ခြင်းကို ခံရလိမ့်မည်" ဆိုသည့် ဖော်ပြချက်တို့ကို အတိအကျ ချိတ်ဆက်ပေးထားသည်။ ထို့ကြောင့် ယေရှုသည် အကျိန်ခံရသောမြွေ၏နေရာကိုယူ၍ သေခြင်းတရားကို အတွင်းမှ ဖျက်ဆီးဖို့ရန် သေခြင်းဆီသို့သွားခြင်း ဖြစ်သည်။ ထို့ကြောင့် ခရစ်စ်တပ် ဗစ်တာ အဖြစ်ကိုယ်တော်ပြုသော ပထမ အပြုအမူသည် ကားတိုင်ပေါ်တွင် မြှောက်ထားခံရခြင်းဖြင့် သေခြင်းတရားကို အတွင်းမှဖျက်ဆီးရန်ပင်ဖြစ်တော့သည်။

**သိက္ခာတော်ရ ဆရာကြီး Michael J. Glodo**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင့် ဝိညာဉ်ရန်များ၏ ရှုံးနိမ့်ခြင်းသည် ခရစ်တော်၏ နိုင်ငံတော် အစပြုဖွင့်လှစ်ခြင်းဆိုင်ရာအမှုတော်အတွက် အလွန်ပင် အရေးပါရကား ဟောဖြဲ အခန်းကြီး ၂း၁၄-၁၅တို့ကဲ့သို့သော ကျမ်းပိုဒ်တို့တွင် ဓမ္မသစ်စာရေးသူများက ခရစ်တော်၏ အပြစ်ဖြေခြင်းဆိုင်ရာ ကားတိုင်ထက် အသေခံတော်မူခြင်းကို ဤတူညီသော နှစ်ထပ်ကွမ်း မဟာဗျူဟာဝေါဟာရများအနေဖြင့် ရေးသားခဲ့ကြသည်။ ကိုယ်တော်၏ အသေခံခြင်းအားဖြင့် ယေရှုသည် လူသားတို့အပေါ် တင်ရှိနေသော စာတန်၏ တန်ခိုးကို ချိုးဖဲ့ခဲ့ကြောင်း သူတို့က ရှင်းရှင်းပြဆိုထားခဲ့ကြသည်။ လူသားမျိုးနွယ်အတွက် အပြစ်ဖြေပေးခြင်းဖြင့် ယေရှုသည် အပြစ်နှင့်သေခြင်းတရားတို့၏ အောက်၌ ကျွန်ခံနေရသူတို့ကို လွတ်ခြင်းအခွင့်ပေးခဲ့သည်။

အဆိုပါ အတွေးအမြင်တို့ကို ကောလောသဲ ၂း၁၅ တွင် အထင်အရှားတွေ့နိုင်သည်။ တမန်တော်ရှင်ပေါလုက

> အထွတ်အမြတ်အာဏာစက်များကို လုယူလျှင် (ခရစ်တော်သည်) ထင်ရှားစွာ ထုတ်ပြ၍ လက်ဝါးကပ်တိုင်တော်အားဖြင့် အောင်ပွဲကို ခံတော်မူပြီ (ကောလောသဲ ၂း၁၅)။

ယေရှုသည် ကားတိုင်ထက်အသေခံခြင်းဖြင့် အပြစ်အုပ်စိုးမှုမှ သူ့လူတို့ကို လွှတ်ခြင်းအခွင့်ပေးချိန်တွင် နတ်ဆိုးအထွတ်အမြတ် အာဏာစက်များသည် ၎င်းတို့၏ ထူးမြတ်ကျော်ဇောမှု အရိုက်အရာတို့မှ ရွေ့လျော့သွားခဲ့ကြသည်။

ဤအရ ဧဖက် ၄း၈ ၌ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်တက်ကြွခြင်းတို့အား စာတန်၏လက်မှ သူ၏ လူသားအစေခံတို့ကို လုယူသိမ်းစားခြင်းအဖြစ် ဖော်ပြထားခြင်းသည် အံ့သြဖွယ် မဟုတ်ပါ။

> မြင့်သောအရပ်သို့ တက်ကြွတော်မူသဖြင့် များစွာသောသူတို့ကို ဖမ်းသွားတော်မူ၍ လူတို့အား ဆုလပ်များစွာကို ပေးတော်မူသည်ဟု လာသတည်း (ဧဖက် ၄း၈)။

ဤကျမ်းပိုဒ်က ညွှန်ပြနေသလိုပင် ကျွန်းမ မဟူ ခရစ်တော်၌ ယုံကြည်ခြင်းသို့ ရောက်သောအခါ ၎င်းအဖြစ်သည် ခရစ်တော်က ထိုသူတို့အား စာတန်၏ နိုင်ငံတော်ထဲမှ လုယူသိမ်းစားလိုက်သည့်နှယ် ဖြစ်ပေသည်။

ဘုရားသခင့် ဝိညာဉ်ရန်သူများအပေါ် အောင်မြင်ရေးဆိုင်ရာ ဤ မဟာဗျူဟာကိုလည်း တမန်တော်ဝတ္ထုအတွင်း ခရစ်တော်၏ တမန်တော်များ အမှုတော် အစပြုဖွင့်လှစ်ရာတွင် တွေ့နိုင်သည်။ တပါးအမျိုးသားတိုင်းနိုင်ငံများတွင် ဝမ်းမြောက်ဖွယ်သတင်းကို ဟောပြောပြီး စာတန်လက်မှ သူ၏ အစေခံလူသားများစွာတို့ကို လုယူသိမ်းစားရင်း တမန်တော်တို့သည် ယေရှု၏ ပုံသက်သေကိုလိုက်နာလျက် နတ်ဆိုးများကို အကြိမ်ကြိမ် မောင်းထုတ်ခဲ့ကြသည်။

အသင်းတော်သမိုင်းတလျှောက် ခရစ်တော်၏ နိုင်ငံတော်အလျဉ်မပြတ်ဖြစ်ပေါ်ရေးကို ကျွန်ုပ်တို့ စဉ်းစားသည့်အခါ နိုင်ငံတော် အစပြုဖွင့်လှစ်ရာတွင် ယေရှုသုံးခဲ့သည့် မဟာဗျူဟာကို ခရစ်တော်၏ နောက်လိုက်များက လိုက်နာရန်လိုအပ်ကြောင်း ကျွန်ုပ်တို့ တွေ့ရခြင်းသည် အံ့သြဖွယ် မရှိပါ။ ဘုရားသခင်၏ လူသားရန်သူများအပေါ် အောင်မြင်မှုရရှိရေးထက် ဘုရားသခင့်အလေ့အလာများကို ဖီလာဆန့်ကျင်နေသည့် ဝိညာဉ်ဆိုးများအပေါ် ကျွန်ုပ်တို့ အထူးပြု အာရုံစိုက်ရန် လိုအပ်သည်။

၎င်းကို ယနေ့ခေတ် ခရစ်ယာန်များစွာ နားလည်ရန် ပျက်ကွက်နေလင့်ကစား ယေရှု၏ အသင်းတော်သည် လူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်နေသည်မဟုတ်ဘဲ စာတန်နှင့်တကွ အခြားသော ဝိညာဉ်ဆိုးများနှင့် ဆိုင်ပြိုင်တိုက်လှန်နေရကြောင်း ဓမ္မသစ် ဓမ္မပညာက အကြိမ်ကြိမ် သတိပေးနေသည်။ ဘုရားသခင်၏ အဆိုပါ ဝိညာဉ်ရန်သူများနှင့် ဆိုင်ပြိုင်တိုက်လှန်ရန်သည် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားပင် ဖြစ်သည်။

ထိုအကြောင်းကြောင့်ပင် ဧဖက် ၆း၁၁-၁၂ ကဲ့သို့သောကျမ်းပိုဒ်များ၌ ကျွန်ုပ်တို့၏ ခက်ခဲမှုများနှင့် ရုန်းကန်ရမှုများအား ဝိညာဉ်ဆိုးများနှင့် ဆိုင်ပြိုင်နေရသည့်နှယ် အနက်ဖွင့်ထားခြင်း ဖြစ်သည်။ ထိုနေရာတွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> မာရ်နတ်၏ ပရိယာယ်တို့ကို ဆီးတားနိုင်မည့်အကြောင်း
> ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့။
> အကြောင်းမူကား ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့်
> ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွတ်အမြတ်တို့နှင့်၎င်း၊
> အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော
> မင်းတို့နှင့်၎င်း၊ မိုးကောင်းကင်၌ နေသော နတ်ဆိုးတို့နှင့်၎င်း
> ဆိုင်ပြိုင်တိုက်လှန်ရကြ၏ (ဧဖက် ၆း၁၁-၁၂)။

အချိန်တိုင်းလိုပင် ခေတ်သစ်ခရစ်ယာန်တို့သည် သူတို့၏ ဘဝရုန်းကန်နေရမှုများအား လူသားပုဂ္ဂိုလ်များနှင့် ရင်ဆိုင်နေရသည့် ပဋိပက္ခအသွင်အဖြစ်သာ စဉ်းစားတတ်ကြသည်။ သို့သော် ဤနေရာတွင် အသင်းတော်ရင်ဆိုင်နေရသော ပဋိပက္ခမှာ စင်စစ်အားဖြင့် "နတ်ဆိုး""အထွတ်အမြတ်များ" "အာဏာစက်များ" "လောကီမှောင်မိုက်တန်ခိုးများ" နှင့် "မိုးကောင်းကင်ရှိ ဝိညာဉ်ဆိုးအင်အားများ" ဖြင့်ဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ ထို့ကြောင့် ဘုရားသခင်၏ လက်နက်စုံကို ယူတင်ဝတ်ဆောင်ခြင်းဖြင့် ဘုရားသခင့် နိုင်ငံတော်ကို ဆန့်ကျင်သွေဖည်နေသည့် အဆိုပါ ဝိညာဉ်သတ္တဝါများကို အစွမ်းမဲ့သွားစေဖို့ ကျွန်ုပ်တို့လုပ်ဆောင်လာနိုင်ကြသည်။

ခရစ်ယာန် သမိုင်းတလျှောက် ခရစ်တော်၏ နိုင်ငံတော် မျက်နှာစာ တစ်ခုအနေဖြင့် ဝိညာဉ်ရေးရာ စစ်ပွဲအပေါ်အလေးဂရုပြုရာ၌ ဤကျမ်းချက်သည် အထူးအဆန်း မဟုတ်ပါ။ စာတန်အပါအဝင် အခြားသောဝိညာဉ်ဆိုးများနှင့် ကျွန်ုပ်တို့ အစဉ်တစိုက် လက်တွေ့ကျကျ ခံစားတွေ့ကြုံရသည့် ပဋိပက္ခကိုလည်း ဧဖက် ၄း၂၇၊ ၁တိမောသေ ၃း၇၊ ၂ တိမောသေ ၂း၂၆၊ ယာကုပ် ၄း၇၊ ၁ပေ ၅း၈၊ ၁ယော ၃း၈ နှင့် ယု၃ ၉တို့ကဲ့သို့သော ကျမ်းချက်များစွာထဲတွင် တွေ့နိုင်သည်။ သို့သော် တစ်ချိန်တည်းမှာပင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၂ကော ၅း၂၀ ၌ ကျွန်ုပ်တို့ ဖတ်ရသည့်အတိုင်း ကျွန်ုပ်တို့သည်လည်း ကိုယ်တော်၏ သနားခြင်းကရုဏာတော်ကို သူ၏ လူသားရန်သူတော်တို့ဆီ တိုးချဲ့ရောက်ရှိစေရမည်သာ ဖြစ်သည်။

> ထို့ကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့အားဖြင့် မေတ္တာရပ်ခံတော်မူနေဘိသကဲ့သို့ ကျွန်ုပ်တို့သည် ခရစ်တော်၏ သံတမန်များ ဖြစ်ကြသည်။ ငါတို့သည် ခရစ်တော်၏ ကိုယ်စားဖြစ်၍ သင်တို့ကို တောင်းပန်သွေးဆောင်ကြ၏။ သင်တို့သည် ရန်ငြိမ်း၍ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ကြလော့ (၂ကော ၅း၂၀)။

"ခရစ်တော်၏ သံတမန်များ" ဘုရားသခင့် နိုင်ငံတော်ကို ကိုယ်စားပြုသူများအဖြစ် ရှင်ပေါလု၏ ပုံသက်သေကို လိုက်နာရင်း ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် သူ၏ လူသားရန်သူတို့အကြား ရန်ငြိမ်းမှုကို ရှာကြံခြင်းဖြင့် ဘုရားသခင်၏ ဝိညာဉ်ရန်သူတို့အပေါ် ဆက်လက်အနိုင်ယူကြရသည်။

ဓမ္မသစ် ဓမ္မပညာကလည်း ဘုရားသခင့် ရန်သူတို့၏ ရှုံးနိမ့်မှုအား ခရစ်တော်၏ နိုင်ငံတော် ပြီးပြည့်စုံမှုနှင့် တွဲဖက်ချိတ်ဆက်ထားသည်။ သို့သော် ယေရှု၏ မဟာဗျူဟာ၌ အကြီးအကျယ် ပြောင်းလဲမှုသည် နိုင်ငံတော် ပြီးပြည့်စုံချိန်၌သာ ဖြစ်ပေါ်မည်ကို မှတ်သားထားရန် အရေးကြီးသည်။ ခရစ်တော်ကြွလာချိန်တွင် ဘုရားသခင်၏ လူသားရန်သူတို့အပေါ် သနားခြင်းကရုဏာ ရှေ့ထားမှုမျိုး ရှိတော့မည် မဟုတ်ပါ။ ထိုအစား ခရစ်တော်သည် ဘုရားသခင်၏ ဝိညာဉ်နှင့် လူသားရန်အပေါင်းတို့ကို ဆန့်ကျင်တိုက်ခိုက်သည့် စစ်ပွဲကို ဦးဆောင်၍ သူတို့၏ လုံးလုံးလျားလျား ကျဆုံးမှုကို ဖြစ်ပေါ်စေလိမ့်မည်။ သူတို့အား မြေကြီးပြင်ပေါ်မှ သုတ်သင်ရှင်းလင်း၍ ထာဝရ ဒဏ်စီရင်ခြင်းကို ဖြစ်စေပါလိမ့်မည်။

ဗျာဒိတ် ၁၉း၁၃-၁၅၌ နိုင်ငံတော် ပြီးပြည့်စုံလာသည့်အချိန် ဘုရားသခင့် လူသားရန်သူတို့၏ ရှုံးနိမ့်မှုကို ဖော်ပြထားချက်အား နားထောင်ကြည့်ပါ။

> ဘုရားသခင်၏ နှုတ်ကပတ်တော်ဟူသော အမည် ရှိ၏။ ကောင်းကင်ဗိုလ်ခြေတို့သည် … နောက်တော်သို့ လိုက်ကြ၏။ လူမျိုးတို့ကို ဒဏ်ခတ်စရာဖို့ ထက်သောသံလျက်သည် ခံတွင်းတော်ထဲက ထွက်၏ (ဗျာဒိတ် ၁၉း၁၃-၁၅)။

အလားတူ ဗျာဒိတ် ၂၀း၁၀တွင်လည်း ခရစ်တော်၏ ဘုန်းတော်နှင့်ပြည့်ဝသော ပြန်ကြွလာခြင်းအား ဝိညာဉ်ဆိုးများနှင့် စာတန်တို့အပေါ် အဆုံးသတ်ဒဏ်စီရင်သည့်အချိန်အဖြစ် ဖော်ပြထားသည်။

> သူတို့ကို လှည့်ဖြားသောမာရ်နတ်ကိုလည်း သားရဲနှင့် မိစ္ဆာ ပရောဖက်တို့ ရှိရာ ကန့်နှင့် ရောနှောသောမီးအိုင်ထဲသို့ ချပစ်လျှင် သူတို့သည် နေ့ညဉ့်မပြတ် ကမ္ဘာအဆက်ဆက် ပြင်းစွာသော ဝေဒနာကို ခံရကြလတံ့ (ဗျာဒိတ် ၂၀း၁၀)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အဆိုပါအကြောင်းအရာတို့ကို တိုတိုတုတ်တုတ်ဖြင့် အကျဉ်းချုပ်နိုင်ရုံမျှရှိသည်မှာ မှန်ပါသည်။ သို့သော် နိုင်ငံတော်၏ အဆိုပါ အောင်မြင်မှုရှုထောင့်အား မကြာခဏ ရှင်းလင်းဖော်ပြရန်လိုခဲ့သည်ကို ဓမ္မသစ်စာရေးသူတို့ သိရှိခံစားခဲ့ကြောင်း ယင်းဥပမာတို့ကိုကြည့်၍ ကျွန်ုပ်တို့ သိနိုင်ပါသည်။ သူတို့သည် နိုင်ငံတော် အစပြုဖွင့်လှစ်ခြင်းနှင့် အလျဉ်မပြတ် ဆက်လက်ဖြစ်ပေါ်ခြင်း ဖြစ်စဉ်နှစ်ခုလုံး၏ ကာလအတောအတွင်း ဝိညာဉ်ဆိုးများအပေါ် ကျူးကျော်တိုက်ခိုက်ရန် ဦးစားပေးအစီအစဉ်အပေါ် အလေးပေးခဲ့ကြပြီး ဘုရားသခင်၏ လူသားရန်သူတို့ထံ သနားခြင်းကရုဏာပြခြင်းအပေါ် အထူးပြုခဲ့ကြသည်။ သို့သော် ခရစ်တော် ပြန်လည်ကြွဆင်းလာသည့် အဆုံးသတ်တွင် လူသားနှင့် ဝိညာဉ် ရန်စွယ်နှစ်ပါးလုံးသည် ဘုရားသခင်၏ ထာဝရဒဏ်စီရင်မှုအောက်သို့ ကျရောက်လိမ့်မည်ဆိုသည်ကိုလည်း သူတို့ ထောက်ပြခဲ့ကြသည်။ အဆိုပါ အလေးအနက်ပြုချက်များက ဘုရားသခင့်ရန်မာန်တို့အပေါ် အောင်မြင်ခြင်းသည် ဓမ္မသစ်နိုင်ငံတော် ဓမ္မပညာ၏ အရေးကြီးသော သွင်ပြင်လက္ခဏာတစ်ခု ဖြစ်ကြောင်း အတည်ပြုပေးနေကြသည်။

> နိုင်ငံတော်သည် အစပြုခဲ့ပြီးပါပြီ။ ဤနေရာတွင် ရှိနေပါပြီ။ သို့သော် ၎င်းသည် ၎င်း၏ အစီအစဉ်အတိုင်း သွားနေဆဲဖြစ်ပါသည်။ ပြီးပြည့်စုံမှုသို့မရောက်မချင်း ၎င်း၏ အစီအစဉ်အတိုင်း အခိုင်အမာပုံဖော်လျက်ရှိနေဆဲ ဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းရှိလာပါသည်။ ယေရှုသည် မည်သည့်နည်းလမ်းပုံစံများဖြင့် သူ၏ ရန်မာန်များအပေါ် အောင်မြင်ခဲ့နှင့်ပြီး ဖြစ်ပါသနည်း။ ပထမအားဖြင့် အရေးအကြီးဆုံး အောင်မြင်မှုမှာ စာတန်ကို အနိုင်ယူရာ ကားတိုင်မှာပင် ဖြစ်ပါသည်။ ထိုသဘောအရ အရေးပါသောတိုက်ပွဲကို တိုက်ခိုက်အောင်မြင်ခဲ့ပြီး ဖြစ်သည်။ ပမာပေးရလျှင် ဤအကြောင်းကြောင့်ပင် သန့်ရှင်းသူတို့သည် ညီအစ်ကိုတို့ကို အပြစ်တင်သောသူအား ဗျာဒိတ် အခန်းကြီး ၁၂၌တုန့်ပြန်ထားသည်။ သူတို့သည် သိုးသူငယ်၏ အသွေးတော်အားဖြင့် ထိုသူအပေါ် အောင်မြင်ရသည်။ စာတန်ကို သူတို့အောင်မြင်ထားသည်။ ဗျာဒိတ်အခန်းကြီး ၁၂ ထဲတွင် ဥပမာတင်စား၍ ဖော်ပြထားသည်မှာ သူတို့သည် ထိုသူအား သိုးသူငယ်၏ အသွေးတော်အားဖြင့် အောင်မြင်ခဲ့သည့်အကြောင်းပင် ဖြစ်သည်။ သို့ဖြစ်၍ ထိုတိုက်ပွဲသည် အောင်မြင်နှင့်ပြီးသား ဖြစ်သည်။ သို့သော် ဒုတိယကမ္ဘာစစ်ပြီးကာနီး ဟစ်တလာကဲ့သို့ပင် စစ်ပွဲအဆုံးသို့ရောက်ခဲ့ပြီဖြစ်ကြောင်း သိနေနိုင်လျက်ပင် သူအလျှော့မပေးခဲ့ပေ။ သူ၏ အချိန်ကာလသည် တခဏသာဖြစ်သည်ကို သိသောကြောင့် သူ၌ အမျက်ဒေါသတို့ဖြင့် ပြည့်နေခဲ့သည်။ ထိုအရာသည် စာတန်၏အကြောင်း ပြောဆိုထားချက်ဖြစ်သည်။ ထို့ကြောင့် ယခုအခါ စာတန်သည် ပိုမိုခါးသီးပြင်းထန်လျက်ရှိနေပြီး သတင်းကောင်း တိုးတက်ပြန့်ပွားလာသည့် အချိန်တိုင်း ဒေသန္တရအသင်းတော်အတွင်း၊ မည်သည့် သေးငယ်သော ယဉ်ကျေးမှုနောက်ခံမှာမဆို လူအများ ပို၍ ပြောင်းလဲလာနေကြသည်။ ဖြောင့်မတ်ခြင်းတရားကို တစ်ဦးချင်းဘဝတို့၌ ထူထောင်လာကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထိုအရာသည် စာတန်နှင့်တကွ အမှောင်ကို နှစ်သက်သူ ရှိသမျှတို့၏
> ဆက်လက်ဖြစ်ပေါ်နေဆဲ ကျရှုံးနှင့်ပြီးသားအမှုပင်ဖြစ်တော့သည်။
> အဆုံးသတ်အောင်မြင်မှုဆီဦးတည်နေသော အဆုံးသတ်လမ်းကြောင်းသည်
> ဤလောကီနိုင်ငံအရပ်ရပ်တို့ ကျွန်ုပ်တို့၏ ဘုရားသခင်နှင့် ခရစ်တော်၏
> နိုင်ငံတော်များအဖြစ် ရောက်လာသည့်အခါ ဖြစ်ပေါ်သည်။
> ကိုယ်တော်သည်လည်း ကမ္ဘာအဆက်ဆက် စိုးစံတော်မူပါလိမ့်မည်။ ...
> ဆိုလိုသည်မှာ သွားရာလမ်းကြောင်းကို အသင့်ပြင်ဆင်ထားပြီး ဖြစ်သောကြောင့်
> ဖိလိပ္ပိ အခန်းကြီး ၂တွင် ပြောထားသလို ယေရှုသည် အရှင်သခင်ဖြစ်ကြောင်း
> လူတိုင်း ဒူးထောက်၍ နှုတ်ဖြင့် ဝန်ခံကြရပါလိမ့်မည်။ ထို့ကြောင့်
> အခြေခံကျသောအောင်မြင်ခြင်းကို ဆွတ်ခူးရရှိနှင့်ပြီးသားပင် ဖြစ်ပေသည်။
> ထိုအရာအတွက် အချို့သော ရှုထောင့်နယ်ပယ်တို့တွင်
> လက်တွေ့အကောင်အထည်ဖော်ရန်များ ရှိနေဆဲ ဖြစ်ပါသည်။ နှိမ့်ချ ဒူးထောက်၍
> ဝိညာဉ်တော်အားဖြင့် ဝမ်းမြောက်စွာ လုပ်ဆောင်သူများစွာတို့၏
> အသက်တာများတွင် ၎င်းကို လက်တွေ့ဆောင်ရွက်ရပါမည်။ သို့သော်
> လူတိုင်းသည် နောက်ဆုံးသောနေ့ရက်တွင် ဒူးထောက်ကြရမည်သာ ဖြစ်သည်။

**ဒေါက်တာ D. A. Carson**

ဘုရားသခင့်နိုင်ငံတော်၏ သုံးထပ်ကွမ်းအောင်မြင်ခြင်း၌ ဘုရားသခင့် ရန်မာန်များအပေါ် အနိုင်ယူခြင်းသည် မည်သို့ အပါအဝင်ဖြစ်နေကြောင်း ကျွန်ုပ်တို့တွေ့ခဲ့ကြပြီးဖြစ်၍ ဓမ္မသစ် ဓမ္မပညာ၌ ဘုရားသခင့်လူတို့၏ လွတ်ခြင်းအကြောင်းသည် အရေးကြီးသောကဏ္ဍမှ မည်သို့ပါဝင်နေသည်ကို ကျွန်ုပ်တို့ ပြည့်ဖွန့်သင့်ကြပြီဖြစ်ပါသည်။

## ကယ်လွှတ်ခေါ်သွင်းခြင်း

စာဖတ်သူအများစုအတွက် နိုင်ငံတော် အစပြုဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ အထင်ရှားအပေါ်လွင်ဆုံး ရှုထောင့်တစ်ခုကို ပြောပါဆိုလျှင် ၎င်းသည် ဘုရားသခင့်လူတို့အား ကယ်လွှတ်၍ နိုင်ငံတော်၏ ကောင်းချီးများထဲသို့ ခေါ်သွင်းခြင်းအကြောင်းပင် ဖြစ်သည်။ ပမာဆိုရလျှင် ယေရှု၏ တန်ခိုး ပြဋ္ဌိဟာများအပေါ် ခရစ်ဝင်ကျမ်းတို့က ထူးထူးခြားခြား အာရုံစိုက်ရခြင်း ပဓာန အကြောင်းတရား တစ်ခုမှာ အဆိုပါ တန်ခိုးပြာဋ္ဌိဟာတို့သည် ကမ္ဘာမြေကြီးပေါ်သို့ ယေရှုဆောင်ယူလာခဲ့သည့် ကောင်းချီးမင်္ဂလာများကို ကိုယ်စားပြုနေခဲ့သောကြောင့် ဖြစ်သည်။ ယေရှု၏ တန်ခိုးပြာဋ္ဌိဟာများသည် နောင်ဘဝ၌ ဘုရားသခင့်လူတို့ ထာဝစဉ် ခံစားပျော်ရွှင်ကြရမည့် နိုင်ငံတော်ကောင်းချီးများအပေါ် ယာယီ ကြိုတင်မြည်းစမ်းချက်များပင် ဖြစ်ခဲ့ကြသည်။ ထိုထက်ပို၍ဆိုရလျှင် ဆင်းရဲသားများ၊ ချို့တဲ့နေသူများ၊ သူတပါးလက်၌ မတရား ဆင်းရဲခံရသူတို့အတွက် လူမှုဘဝဆိုင်ရာ တရားမျှတရေးအပေါ် ယေရှု၏ အာရုံစိုက်မှုသည်လည်း နိုင်ငံတော်၏ အရေးပါသောကောင်းချီးများကို ကိုယ်စားပြုနေခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေရှု၊ သူ၏ တမန်တော်များနှင့် ပရောဖက်များ၏ တန်ခိုးပြဒ္ဌိဟာများနှင့် လူမှုဘဝဆိုင်ရာ တရားမျှတရေး၊ တို့သည်လည်း ထူးခြားအံ့ဖွယ်ရာ ကောင်းချီးများပင် ဖြစ်ကြသည်။ သို့ရာတွင် ဘုရားသခင့်နိုင်ငံတော် အစပြုဖွင့်လှစ်ခြင်း၌ အကြီးမားဆုံးကောင်းချီးမင်္ဂလာမှာ မိမိကို ယုံကြည်သောသူတို့အား ခရစ်တော်က ပေးကမ်းသည့် ထာဝရ ကယ်တင်ခြင်း ဆုလက်ဆောင်ပင် ဖြစ်ခဲ့သည်။

ထိုအကြောင်းကြောင့်ပင် ကောလောသဲ ၁း၁၃-၁၄ တွင် ရှင်ပေါလုက ခရစ်တော်၌ ကယ်တင်ခြင်းလက်ခံရရှိမှုအား နိုင်ငံတော်တစ်ခုမှ ကယ်လွှတ်၍ အခြားနိုင်ငံတော် တစ်ခုသို့ ခေါ်သွင်းသည့်အနေဖြင့် ဖော်ပြထားခဲ့သည်။

> မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကို နှုတ်၍ ချစ်တော်မူသောသားတော်၏ နိုင်ငံထဲသို့ သွင်းတော်မူ၏။ ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်း ကျေးဇူးတော်ကို ငါတို့သည် ခံရကြ၏ (ကောလောသဲ ၁း၁၃-၁၄)။

ဓမ္မသစ်သည် အဘယ်ကြောင့် သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်အပေါ် များများစားစား အလေးပေးရသည့်အကြောင်းကို နားလည်စေရာ၌ နိုင်ငံတော်ကောင်းချီးများထဲသို့ ပို့ဆောင်ခေါ်သွင်းခြင်း အာဘော်ကလည်း ထောက်ကူပေးသည်။ တမန်တော်များ၏ အမှုဆောင်ကာလပြီးဆုံးကာနီးတွင် ခရစ်တော်၏ နောက်လိုက်များအပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ကို သွန်းလောင်းပေးခြင်းမှာ ယုံကြည်သူအယောက်တိုင်း ခံစားခွင့်ရှိသည့် နောင်ဘဝဆိုင်ရာ ကောင်းချီးတစ်ခုပင် ဖြစ်သည်။ ၂ကော ၁း၂၁-၂၂ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> သင်တို့နှင့် ငါတို့ကို ခရစ်တော်၌တည်စေ၍ ဘိသိတ်ပေးသောသူကား ဘုရားသခင်ပေတည်း။ ထိုဘုရားသခင်သည် ငါတို့ကို တံဆိပ်ခတ်၍ ငါတို့စိတ်နှလုံးထဲ၌ ဝိညာဉ်တော်တည်းဟူသော စရန်ကို ပေးတော်မူပြီ (၂ကော ၁း၂၁-၂၂)။

ဤကျမ်းပိုဒ်သည် ဧဖက် ၁း၁၄ နှင့် နီးနီးစပ်စပ် တူညီမှုရှိသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်၏ "ကျွန်ုပ်တို့ကို ပိုင်ဆိုင်ကြောင်း တံဆိပ်ခတ်ချက်" အဖြစ် ကျမ်းချက်နှစ်ခုလုံးက ညွှန်ပြထားသည်။ သူသည် "နောင်လာမည့်အရာအတွက် အာမခံသည့် စရန်" ပင်ဖြစ်သည်။ တနည်းဆိုရလျှင် ယနေ့ ကျွန်ုပ်တို့အသက်တာထဲရှိ ဘုရားသခင့် တန်ခိုးတော်တည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော် ဘုန်းအသရေ၌ပြန်ကြွလာတော်မူသောအခါ ခရစ်တော်၏ နောက်လိုက်များ လက်ခံရရှိမည့် ကြီးကျယ်ခမ်းနားလှသည့် အမွေတော်၏ ပဌမအရစ် ရရှိမှုပင်ဖြစ်သည်။

ခရစ်တော်၏ နိုင်ငံတော် အလျင်မပြတ်ဆက်လက်ဖြစ်ပေါ်နေစဉ်အတွင်း ဘုရားသခင့်လူတို့၏ ကယ်လွှတ်ခေါ်သွင်းခြင်းအကြောင်းကိုလည်း ဓမ္မသစ်က ရင်ဆိုင်ဖြေရှင်းထားသည်။ အသင်းတော် ဆက်လက်ရှင်သန်လာခဲ့သည့် အချိန်အတွင်း ဓမ္မသစ်စာရေးသူတို့က ခရစ်တော်၏ နောက်လိုက်တို့အား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည် သူတို့ကို သူ၏ နိုင်ငံတော်ကောင်းချီးများထဲသို့ မည်သို့ ခေါ်သွင်းနှင့်ပြီးဖြစ်သည်ကို သတိရစေဖို့ အားပေးတိုက်တွန်းခဲ့ကြသည်။ ဓမ္မသစ် ဓမ္မပညာက ဘုရားသခင်သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ အပြစ်အတွက်ခံရမည့် ဒဏ်စီရင်ချက်ထဲမှ ကယ်တင်ရုံသာမက သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူး ပိုင်ဆိုင်ခွင့်ကိုလည်း အသင်းတော်သို့ ဆက်လက်ပေးနေကြောင်း အလေးအနက်ဖော်ပြထားသည်။ ပမာအားဖြင့် ၁ကောရိန်သု ၄း၂၀ ကို နားထောင်ကြည့်ပါ။

> အကြောင်းမူကား ဘုရားသခင်၏ နိုင်ငံတော်သည် စကား၌ တည်သည်မဟုတ်၊ တန်ခိုး၌တည်၏ (၁ကောရိန်သု ၄း၂၀)။

ဤနေရာ၌ အခြားနေရာများစွာမှာလိုပင် ရှင်ပေါလု စဉ်းစားနေသော "တန်ခိုး" ဆိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော် တန်ခိုးကိုသာ ဆိုလိုခဲ့ခြင်း ဖြစ်သည်။

ဘုရားသခင်၏ ဝိညာဉ်တော်သည် ဘုရားသခင့်လူတို့အတွက် ဘုရား၏ ကောင်းချီးများ အစစ်အမှန်တည်ရှိနေကြောင်း ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ ခံစားတွေ့ကြုံနေကြရသည့် အံ့သြဖွယ်မှန်ကန်မှုပင် ဖြစ်ပေသည်။ သူသည် ကျွန်ုပ်တို့အား သန့်ရှင်းစေပြီး ကျွန်ုပ်တို့၏ အသက်တာအတွင်း သူ၏အသီးများကို သီးစေသည်။ ကျွန်ုပ်တို့အထဲ၌ ဝမ်းမြောက်ခြင်းဖြင့် ပြည့်ဝစေပြီး ကျွန်ုပ်တို့၏ ရန်သူများနှင့် ရင်ဆိုင်ရာတွင် သူ၏ တန်ခိုးဖြင့် ကျွန်ုပ်တို့ကို ခွန်အားပေးသည်။ ယနေ့ ခရစ်တော်၏ အသင်းတော်များစွာက ယုံကြည်သူတို့ အသက်တာတွင်း သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်ကဏ္ဍကို အလေးအနက်ပြုမှု လျော့ပါးနေလင့်ကစား ခရစ်တော်၏ နိုင်ငံတော် အလျင်မပြတ်ဖြစ်ပေါ်နေစဉ်ကာလအတွင်း သူသည် ကျွန်ုပ်တို့၏ အကြီးမြတ်ဆုံး ကောင်းချီးပင်ဖြစ်သည်။

ဓမ္မသစ် ဓမ္မပညာကလည်း နိုင်ငံတော် အလျင်မပြတ်ဖြစ်ပေါ်စဉ်ကာလအတွင်း နောင်ဘဝ၌ ပေါ်ထွန်းလာမည့် ပိုမိုကြီးမြတ်သည့် ကောင်းချီးများအပေါ် သူတို့၏ မျှော်လင့်ချက်များကို စူးစိုက်ထားရန် ခရစ်တော်၏ နောက်လိုက်များအား ခွန်အားပေးတိုက်တွန်းထားသည်။

ဟေဗြဲ ၁၂း၂၈ က ခရစ်တော်၏ နောက်လိုက်များအား ရှေ့တွင် ရှိနေသည့် နိုင်ငံတော် ကောင်းချီးများအရ သစ္စာရှိစွာတည်ကြည်ရန် ခရစ်တော်၏ နောက်လိုက်များကို တောင်းဆိုထားသည်။

> ငါတို့သည် မလှုပ်နိုင်သော နိုင်ငံကို ရသည်ဖြစ်၍
> ခန့်ညားကြောက်ရွံ့သောသဘောနှင့် ဘုရားသခင်ကို လျောက်ပတ်စွာ
> ဝတ်ပြုနိုင်မည်အကြောင်း ကျေးဇူးတော်ကို စွဲလန်းကြကုန်အံ့ (ဟေဗြဲ ၁၂း၂၈)။

ထို့ပြင် ယာကုပ် ၂း၅ တွင်လည်း ကျွန်ုပ်တို့ ဤသို့ ဖတ်ရသည်။

> လောကတွင် ဆင်းရဲသောသူတို့သည် ယုံကြည်ခြင်းရတနာကို
> ရတတ်စေခြင်းငှာငင်း၊ ဘုရားသခင်ကို ချစ်သောသူတို့အား ပေးမည်ဟု
> ဝန်ခံတော်မူသော နိုင်ငံတော်၏ အမွေခံဖြစ်စေခြင်းငှာငင်း ထိုသူတို့ကို
> ရွေးကောက်တော်မူသည် မဟုတ်လော (ယာကုပ် ၂း၅)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှင်ယာကုပ်သည် ချမ်းသာသူတို့အပေါ် မျက်နှာသာပေးခြင်းကို ရပ်တန့်ရန် အသင်းတော်ကို မေတ္တာရပ်ခံထားခဲ့သည်။ အကြောင်းမှာ နိုင်ငံတော်ကို အမွေခံရသူတို့သည် ချမ်းသာသူများ မဟုတ်သောကြောင့် ဖြစ်သည်။ ထိုအစား "ယုံကြည်ခြင်းရတနာကို ရတတ်သူ" တို့နှင့် "ဘုရားသခင်ကို ချစ်သောသူတို့" သည် "ပေးမည်ဟု ဝန်ခံတော်မူသော နိုင်ငံတော်ကို အမွေခံ" ကြရမည်ဖြစ်သည်။

နိုင်ငံတော်ကို အစပြုဖွင့်လှစ်ချိန်တွင် နိုင်ငံတော်ကောင်းချီးများထဲသို့ သူ၏လူများအား ယေရှု ခေါ်သွင်းခဲ့သည်။ ထို့နောက် သူ၏ နိုင်ငံတော် ကောင်းချီးများသည် သမိုင်းတလျှောက် အသင်းတော်၏ ဘဝခရီးတွင် ဆက်လက် အလျှင်မပြတ်ရှိနေခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ဘုရားသခင့် နိုင်ငံတော်ကောင်းချီးများထဲသို့ အပြည့်အဝ ခေါ်သွင်းပို့ဆောင်ခြင်းသည် နိုင်ငံတော် အဆုံးသတ် ပြီးပြည့်စုံခြင်းသို့ မရောက်မချင်း ပြီးစီးလိမ့်မည် မဟုတ်သေးကြောင်း ကျမ်းစာက သွန်သင်ထားသည်။ ပြီးပြည့်စုံမှု ဖြစ်လာချိန်တွင် ဘုရားသခင့်လူတို့သည် ကတိထားတော်မူသော နိုင်ငံတော်ကောင်းချီးရှိသမျှကို အပြည့်အဝ ခံစားကြရမည် ဖြစ်သည်။ ဗျာဒိတ် ၁၁း၁၅ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> လောကီနိုင်ငံသည် ငါတို့အရှင်၏ နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာအဆက်ဆက် စိုးစံတော်မူမည်ဟု ပြောဆိုကြ၏ (ဗျာဒိတ် ၁၁း၁၅)။

ခရစ်တော် ပြန်ကြွလာချိန်တွင် လောကီနိုင်ငံတော်နေရာတွင် အောင်မြင်သော ဘုရားသခင့်နိုင်ငံတော်က လုံးလုံးလျားလျား အစားထိုး နေရာယူလိမ့်မည် ဖြစ်သည်။

ထို့ပြင် ကောင်းကင်သားများ ခရစ်တော်ကို ချီးမွမ်းသီချင်းသီဆိုရာ ဗျာဒိတ် ၅း၉-၁၀ကို နားထောင်ကြည့်ပါ။

> ကိုယ်တော်သည် အသေသတ်ခြင်းကို ခံတော်မူသောအားဖြင့် အသီးအသီး ဘာသာစကားကို ပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှ အကျွန်ုပ်တို့ကို ယူ၍ အသွေးတော်နှင့် ဘုရားသခင်အဖို့ ရွေးနှုတ်တော်မူ၏။ အကျွန်ုပ်တို့၏ ဘုရားသခင့်ရှေ့မှာ ရှင်ဘုရင်အရာ၌ငှင်း၊ ယဇ်ပုရောဟိတ်အရာ၌ငှင်းခန့်ထား၍ မြေကြီးပေါ်မှာ စိုးစံရသောအခွင့်ကို ပေးတော်မူ၏။ ထို့ကြောင့် ကိုယ်တော်သည် စာစောင်ကို ခံယူ၍ တံဆိပ်တို့ကို ဖွင့်ထိုက်တော်မူ၏ (ဗျာဒိတ် ၅း၉-၁၀)။

ပြီးပြည့်စုံခြင်းသို့ ရောက်ချိန်တွင် ဘုရားသခင့်လူတို့သည် "နိုင်ငံတော် [၏] ယဇ်ပုရောဟိတ်များ" အဖြစ်သို့ ကယ်လွှတ်ခေါ်သွင်းခြင်း ခံကြရမည် ဖြစ်ပြီး "သူတို့သည် မြေကြီးပေါ်မှာ စိုးစံကြလိမ့်မည်" ဖြစ်သည်။

> ယေရှုတဖန်ကြွလာပြီး သူ၏ နောက်ဆုံးအောင်မြင်မှုကို ရယူမည့်အကြောင်းအား ကျွန်ုပ်တို့ စဉ်းစားသည့်အခါ သူ၏ ရန်မာန်တို့အား ပြင်သစ်လို *force majeure* ဟု ခေါ်သည့် အာဏာပါဝါကို မဆန်းမစစ် အကြမ်းသုံး၍ စီးနင်းလိုက်သော

> ယေရှု အဖြစ်ဖြင့် ကျွန်ုပ်တို့ အလွယ် မစဉ်းစားလိုကြပါ။ ဗျာဒိတ်ကျမ်းထဲတွင် ယေရှု၏ ခံတွင်းတော်ထဲမှ ထက်သောသံလျက်ထွက်သည့်အကြောင်းကို ပြောထားသည်။ ၎င်းသည် စင်စစ် နှုတ်ကပတ်တော်ဓား၊ တရားစီရင်ရာဓားပင် ဖြစ်သည်။ ထို့ကြောင့် အဆုံးသတ်တရားစီရင်ခြင်းသည် မည်သည့်အရာကိုမဆို အဆုံးစွန် ဖွင့်လှစ်ဖော်ပြမည့်အကြောင်းပင် ဖြစ်သည်။ အလားတူပင် သက်သေထူခြင်းသည် သန့်ရှင်းသူများအဖို့ အထူးသဖြင့် ဓမ္မသစ် အဆက်အစပ်အတွင်း၌ အဓိကကျသော အာဘော်တစ်ခု ဖြစ်နေသည်။ သူတို့သည် ယေရှု၌ ယုံကြည်ခြင်းရှိသည်ထိ လျှောက်လှမ်းခဲ့ကြပြီး အခြားသော ပါးတစ်ဖက်ကို ပေးသည်အထိ၊ ရန်သူကို ချစ်သည်အထိ၊ လောကကြီးက ဤအရာသည် လုံးလုံးရူးသွပ်မိုက်မဲမှုပင် ဖြစ်သည်ဟု ဆိုနေသည့်တိုင် အခြားသော အဆိုပါအရာ ရှိရှိသမျှကို လုပ်ဆောင်သည်အထိ လျှောက်လှမ်းခဲ့ကြပြီးဖြစ်သည်။ သို့ဖြစ်၍ တရားစီရင်ချိန်ရောက်သည့်အခါ အရာရာသည် ရှင်းလင်းသွားမည်ဖြစ်သည်။ အရာရာသည် ထင်သာမြင်သာရှိလာမည်။ သမ္မာတရားသည် ပေါ်ထွက်လာမည်။ ထိုအရာသည် သန့်ရှင်းသူတို့အတွက် သတင်းကောင်းဖြစ်လာမည်။ အဓိကအားဖြင့် ယေရှုနှင့် သူ၏ သတင်းစကားကို ဆန့်ကျင်ရာတွင် မတရားသဖြင့် ပြုမူထားကြသော ဆိုးညစ်သူတို့အတွက်မူ သတင်းဆိုးဖြစ်လာမည်။
>
> **ဒေါက်တာ Sean McDonough**

ကျွန်ုပ်တို့တွေ့နိုင်သည့်အတိုင်း ဓမ္မသစ်စာရေးသူများသည် ဘုရားသခင့်ရန်မာန်များ၏ ရှုံးနိမ့်မှုအပေါ်တွင်၎င်း၊ ယေရှု၏ မေရှိယဆိုင်ရာ အမှုတော်အဆင့်တိုင်း၌ သူ၏လူများကို နိုင်ငံတော်ကောင်းချီးများအထဲသို့ ခေါ်သွင်းမှုအပေါ်တွင်၎င်း အာရုံစိုက်ခဲ့ကြသည်။ အဆိုပါအခြေခံအချက်များသည် ကနဦး၌ တစ်ခုနှင့်တစ်ခု အဆက်အစပ်မရှိသည့်ပုံပေါက်သော်လည်း ဓမ္မသစ်ဓမ္မပညာထဲတွင် အတူတကွ ချိတ်ဆက်နေကြပြီး ၎င်းတို့အား အလေးအနက်ပြုထားကြရသည်။

# နိဂုံး

ဤသင်ခန်းစာထဲတွင် ဓမ္မသစ် ဓမ္မပညာထဲက ဘုရားသခင့်နိုင်ငံတော်၏ အရေးကြီးပုံကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။ ဘုရားသခင့်နိုင်ငံတော်သည် ဓမ္မသစ် ဓမ္မပညာထဲတွင် အရေးမပါ၊ ပဓာနမကျသော သွန်သင်ချက် တစ်ခု ဖြစ်ရမည့်အစား ဓမ္မသစ်စာရေးသူတို့ သွန်သင်ခဲ့သမျှ၏ အဓိက အနှစ်သာရကို ပုံဖော်လျက်ရှိသည်။ ဤအချက်သည် နိုင်ငံတော်အကြောင်း သတင်းကောင်းအတွက်လည်း မည်သို့မည်ပုံ မှန်ကန်နေကြောင်း ကျွန်ုပ်တို့လေ့လာဖော်ထုတ်ခဲ့ပြီး

ဖြစ်ပါသည်။ နိုင်ငံတော်ရောက်ရှိလာခြင်းအပေါ် ခရစ်တော်၏ နိုင်ငံတော် အစပြုဖွင့်လှစ်ခြင်း၊ အလျင်မပြတ် ဆက်လက်ဖြစ်ပေါ်ခြင်း၊ အဆုံးသတ်ပြီးပြည့်စုံခြင်းတို့အားဖြင့် ဓမ္မသစ် ဓမ္မပညာက မည်သို့ စူးစိုက်ထားခဲ့သည်ကိုလည်း ကျွန်ုပ်တို့ တွေ့မြင်ခဲ့ပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့တွေ့ခဲ့ပြီးဖြစ်သလို ဓမ္မသစ်ယုံကြည်ခြင်းသည် ဘုရားသခင့် နိုင်ငံတော်အကြောင်း ရှိရှိသမျှပင်ဖြစ်သည်ဟု ဆိုလျှင် ချဲ့ကားရာမရောက်ပါ။ ဓမ္မသစ်ဓမ္မပညာသည် ဘုရားသခင့်နိုင်ငံတော်အတွက် အောင်မြင်ခြင်းအကြောင်း သတင်းကောင်းအပေါ်တွင်၎င်း၊ အဆိုပါအောင်မြင်ခြင်းသည် ခရစ်တော်၏ နိုင်ငံတော် အဆင့်သုံးဆင့်အားဖြင့် မည်သို့ရောက်လာခဲ့နှင့်ပြီးဖြစ်သည်၊ မည်သို့ ရောက်လာနေဆဲဖြစ်သည်၊ မည်သို့ ရောက်လာလိမ့်ဦးမည် ဆိုသည်တို့အပေါ်တွင်၎င်း အထူးပြုထားသည်။ အဆိုပါ နိုင်ငံတော်ဆိုင်ရာ အခြေခံ သဘောတရားများသည် ဓမ္မသစ်ထဲက အရေးအကြီးဆုံး အာဘော်အချို့ကို ကိုယ်စားပြုထားသည်။ ၎င်းတို့ကို စိတ်နှလုံးထဲ စွဲမြဲထားခြင်းသည် ကျွန်ုပ်တို့၏ ဓမ္မသစ်ဓမ္မပညာ နားလည်သဘောပေါက်မှုကို အကြီးအကျယ် မြှင့်တင်ပေးပါလိမ့်မည်။ ဓမ္မသစ်သွန်သင်မှုများထဲတွင်လည်း အသစ်သော ထူးခြားအရေးပါမှုများကို ကျွန်ုပ်တို့ ရှာတွေ့ကြပါလိမ့်မည်။ ဓမ္မသစ် ဓမ္မပညာ၏ မျက်နှာစာ ရှုထောင့်တိုင်းအား ခရစ်တော်၌ ဘုရားသခင့်နိုင်ငံတော် အကြောင်း အာဘော်က အခြေခံအုတ်မြစ်အဖြစ် ထောက်ကူနေသည်မှာ ရှင်းနေပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။